ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (31-5-2004) (၄၂၅၀)

ယနေ့ထုတ်စောင်ရေ ၁၉၇၀၅၄

**ဗုဒ္ဓစရိယ**
**တော် မင်္ဂလ မုတ္တမံ**

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်

ရန်ကုန် မေ ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

# ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်တစ်ခုဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည်အဓိက ဌာနဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က မိမိတို့မြို့နယ်ဒေသများ တိုးတက်သည်ထက်တိုးတက်အောင် ကြိုးပမ်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေး၊ ကျေးလက်လူနေမှုဘဝမြင့်မားရေး ဖိဖိစီးစီးဆောင်ရွက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၉ရက်က ပဲခူးတိုင်း သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန် မေ ၃၀

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးခင်ဇော်ဦး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

**ပူဇော်ကန်တော့**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဘုရားခန်း၌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၅-၂၀၀၄
(တနင်္လာနေ့)

# လူမှုဘဝ ချမ်းသာရေးရှုမြင် ဆေးလိပ်ဆေးရွက် သုံးစွဲမှုရှောင်ကြဉ်

ကျန်းမာကြံ့ခိုင်မှုရှိရေးသည် လူတိုင်းအတွက် အလေးဂရုပြုကြရမည့် အချက်တစ်ချက်ဖြစ်သည်။ လူတိုင်း လူတိုင်း ကျန်းမာကြံ့ခိုင်မှု ရှိမှသာလျှင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး လူမှုဘဝ ချမ်းသာမှုများဖြင့် ပြည့်စုံစွာ နေထိုင်လုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးအတွက် သတိပြုဆင်ခြင်အပ်သည့် အကြောင်းအရာတစ်ခုမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ဖြစ်သည်။ ဆေးလိပ်သည် ကိုယ်တိုင်သောက်သုံးသူများကိုသာမက ဆေးလိပ်သောက်သူများက မှုတ်ထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်မိသောသူများတွင်လည်း အန္တရာယ်ဖြစ်စေသည်။

ဆေးလိပ်မီးခိုးထဲတွင် ကင်ဆာဖြစ်စေသောဓာတ်များ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ ကတ္တရာစသည့် အဆိပ် ဖြစ်စေသောဓာတ်များ အများအပြား ပါဝင်လျက်ရှိသည်။ ထို့ကြောင့် မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း သူတစ်ပါးသောက်သည့် ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်ရသည့်အတွက် မွန်းကျပ်ခြင်းဝေဒနာ ခံစားကြရသည့်အပြင် ရောဂါမျိုးစုံလည်း ရရှိနိုင်သည်။

ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့်ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ ဆေးလိပ်သောက်သုံးခြင်း၊ ဆေးရွက်ကြီးကို ပါးစပ်ထဲတွင် ငုံခြင်းတို့ကြောင့် အဆိပ်ဖြစ်စေသောဓာတ်များသည် ပါးစပ်၊ လျှာ၊ လည်ပင်းရိုး၊ အစာမျိုပြွန်ဝ၊ လေမျိုပြွန်၊ အဆုတ်စသည့် နေရာများသို့ရောက်ရှိသွားပြီး ကင်ဆာရောဂါ ဖြစ်စေနိုင်ကြောင်း ဆေးပညာဆိုင်ရာ သုတေသနပြုချက်များအရ သိရှိရသည်။

ဆေးလိပ်သောက်သုံးခြင်းအန္တရာယ်သည် အမျိုးသမီးများတွင် ပိုမိုသိသာထင်ရှားသည်။ ကိုယ်ဝန်ဆောင်မိခင်များတွင် ဆေးလိပ်၏ အဆိပ်ငွေ့များသည် သန္ဓေသားထံပေးပို့သော သွေးကြောများကို ထိခိုက်စေသဖြင့် မကြာခဏ သားပျက်၊ သားလျှောဖြစ်တတ်ကြသည်။ ဆေးရွက်ကြီးငုံသော အမျိုးသမီးများတွင် လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ မွေးရာပါ ချွတ်ယွင်းချက်များပါလာခြင်း၊ ပေါင်အလေးချိန် မပြည့်သော ကလေးများ မွေးဖွားတတ်ခြင်းများ ဖြစ်စေနိုင်ကြောင်းသိရသည်။

ယနေ့ကမ္ဘာတွင် ဆေးလိပ်၏ဆိုးကျိုးအန္တရာယ်ကြောင့် သေဆုံးသူပေါင်း တစ်နှစ်လျှင် လေးသန်းကျော်ခန့်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က **"နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"** အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပလျက်ရှိသည်။ ဆေးလိပ်သောက်သုံးမှုကြောင့် အန္တရာယ်မဖြစ်ပွားစေရေးအတွက် အမျိုးသား ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီကို ဖွဲ့စည်းကာ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စီမံဆောင်ရွက်လျက်ရှိသည်။

ဆေးလိပ်မသောက်ရေးအတွက် အသိပညာပေးလုပ်ငန်းများကိုသာမက အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် ဆေးရုံ၊ ကျောင်း၊ ရုံး၊ အားကစားရုံ၊ ဘူတာရုံ၊ ရုပ်ရှင်ရုံများနှင့် ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်း ခရီးသည်တင်ယာဉ်များပေါ်တွင်ပါ ဆေးလိပ်မသောက်စေရေးအတွက် ယခုထက် ပိုမိုကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူပြည်သားများအားလုံး အသက်ရှည် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လူမှုဘဝ ချမ်းသာရေး ရှုမြင်ပြီး လူမှုရေး၊ စီးပွားရေး အဘက်ဘက်ကထိခိုက်ဆုံးရှုံးစေနိုင်သည့် ဆေးလိပ်၊ ဆေးရွက် သောက်သုံးမှုများကို ရှောင်ကြဉ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း၄၀ အမှတ်(၁၉၄)နေ ဦးချန်ထွန်း-ဒေါ်နုနုရီ မိသားစုတို့က ဦးချန်ထွန်း၏ (၆၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ် ၁၀၇၅၀၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွင်ရှိသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ၊ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြစဉ်။** (သတင်းစဉ်)

## မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၃၀

**မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးခင်မောင်၊ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။**

ဆက်လက်၍ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ်(၃၆)ရပ်ကွက်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဖွင့်လှစ်လျက်ရှိသည့် သီရိမြိုင် ယာဉ်မောင်း သင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းမှူး ဒုတိယရဲမှူး အောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က သင်တန်းကျောင်း၌ သင်ကြား ပို့ချလျက်ရှိသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စာတွေ့၊ လက်တွေ့ သင်ကြားနေမှုများကို လိုက်လံရှင်းလင်းပြသရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။ အဆိုပါသင်တန်းတွင် မော်တော်ယာဉ်ကို စနစ်တကျ ကျွမ်းကျင်စွာ မောင်းနှင်တတ်စေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နိုင်ငံတကာ နည်းစနစ်များနှင့်အညီ သိရှိနားလည်စေရန် သင်ကြားပို့ချလျက်ရှိသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

မေ ၁၆ ရက်က မိတ္ထီလာမြို့ လင်းဇင်းရပ်နေ ဦးဟန်တင့်-ဒေါ်ချိုချို မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

## သစ်တော ဒုတိယဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၃၀**

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၃ရက်မှ ၂၉ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သစ်ဈေးကွက်များ၊ ကုန်စည်ပြပွဲနှင့် ကြမ်းခင်းတုံး စက်ရုံများလေ့လာပြီး ယမန်နေ့ညနေပိုင်းတွင် ဗန်ကောက်မြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၏ မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။ (သတင်းစဉ်)

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၄)

**World No-Tobacco Day**
**(31-5-2004)**

## "ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ"

***Tobacco Control and Poverty***

ကျန်းမာရေးဝန်ကြီးဌာန

## ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက်အတွက် လှူဒါန်းနိုင်

**ရန်ကုန် မေ ၃၀**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ အရှေ့ရွှေကျောင်းကြီးရိပ်သာ၌ တိလောကာဓိပတိမဟာမုနိကြေးတော်ကြီးဘုရား ကိန်းဝပ်စံပယ်တော်မူမည့် ကမ္ဘာလုံးစေတီ ဂန္ဓကုဋိတိုက်တော်ကြီး တည်ဆောက်ရန်အတွက် ပါဝင်လှူဒါန်းလိုသူများ ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသ အရှေ့ရွှေကျောင်းကြီးရိပ်သာ အင်းမ ဖုန်း-၀၅၃-၂၅၀၀၆နှင့် ဖုန်း-၀၅၃-၂၅၀၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ**

# ပင်လယ်သမုဒ္ဒရာတို့၏ အရိပ်

**အောင်စည်ဟိန်း**

လူတို့၏ဖွဲ့ လုံ့လနှင့် သက်စွန့်ကြိုးပမ်း အားထုတ်ခဲ့မှုကြောင့် ခရစ်မပေါ်မီ (၆၀၀-ဘီစီ)မှ အေဒီ ၁၆ရာစုအတွင်း ပင်လယ်သမုဒ္ဒရာများကို တစ်ခုပြီးတစ်ခု ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ပင်လယ်ရေကြောင်းလမ်းများလည်း ပွင့်လင်းလာခဲ့သည်။ အဏ္ဏဝါဗေဒ (Oceanography)၊အဏ္ဏဝါသိပ္ပံ (Ocean Science)နှင့် အဏ္ဏဝါဇီဝဗေဒ (Marine Biology) ပညာရပ်များပေါ်ထွန်းလာပြီး ပင်လယ်သမုဒ္ဒများ၏ အခန်းကဏ္ဍမှာလည်း ရှေ့တန်းသို့ ရောက်ရှိလာခဲ့သည်ဟု ဆိုနိုင်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာ ယူနက်စကို (UNESCO) အဖွဲ့ကြီးအောက်တွင် အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာကောင်စီ ပေါ်ပေါက်ခဲ့ပြီး အဏ္ဏဝါဗေဒနှင့် အဏ္ဏဝါသုတေသနဆိုင်ရာ အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ပြဿနာဆိုင်ရာအဖွဲ့အစည်းများလည်း ဆက်လက်ပေါ်ပေါက်ခဲ့သည်။ ပင်လယ်သမုဒ္ဒရာဆိုင်ရာ သုတေသီပညာရှင်များ၏ နှီးနှောဖလှယ်ပွဲများကိုလည်း ဆယ်နှစ်တစ်ကြိမ်ခန့် ပြုလုပ်ခဲ့ရာ ၁၉၉၉ ခုနှစ်က ဂျာမနီနိုင်ငံ ပို့စ်ဒမ်မြို့တွင် ပြုလုပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် နိုင်ငံအသီးသီးက ပင်လယ်သမုဒ္ဒရာများအပေါ် ကျရောက်မည့်ဆိုးကျိုးများ လျှော့ချသွားကြဖို့နှင့် ပင်လယ်သမုဒ္ဒရာတို့၏ အားသာချက်များကို လူသားတို့အကျိုး စီးပွားအတွက် လျော်ကန်သင့်မြတ်သော နည်းလမ်းများဖြင့် အသုံးချသွားကြဖို့ တိုက်တွန်းခဲ့သည်။

ဤတွင် ပင်လယ်သမုဒ္ဒရာများ၏ မူလဇာစ်မြစ်ကို ဦးစွာလေ့လာကြည့်ရာ ၁၉၈၈ခုနှစ်က ထုတ်ဝေခဲ့သော ဗြိတိသျှလူမျိုး ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်း၏ 'အချိန်၏သမိုင်းအကျဉ်း (A Brief History of Time)' စာအုပ်သည် ခေတ်မီလျက်ရှိကြောင်းတွေ့ရသည်။ ယင်းပညာရှင်၏အဆိုအရ လွန်ခဲ့သော နှစ်သန်းပေါင်း တစ်သောင်းခန့်က ပေါက်ကွဲမှုစတင်ခဲ့သောလက်ရှိ စကြဝဠာသည် နေ၊ လ၊ ကမ္ဘာနှင့် ကြယ်များ၊ ဂြိုဟ်များ အဆင့်ဆင့်ဖြစ်တည်မှုတွင် ချောမွေ့သည့် သဘောသဘာဝကို ဆောင်ယူခဲ့ကြောင်း၊ မြေကမ္ဘာဖြစ်တည်စက အလွန်ပူပြင်းကြောင်း၊ လေထုလည်းမရှိသေးကြောင်း၊ တဖြည်းဖြည်း အေးမြသည့် အဆင့်တွင် ကမ္ဘာ့ကျောက်တောင်များက ဓာတ်ငွေ့ထုတ်လွှတ်ရာမှ လေထုပေါ်ခဲ့ကြောင်း၊ ယင်းလေထုတွင် အောက်စီဂျင်မပါသေးဘဲ ဟိုက်ဒရိုဂျင်ဆာလ်ဖိုဒ် (hydrogen sulphide) ဓာတ်ငွေ့များ ပါဝင်ခဲ့ကြောင်း၊ ယင်းဓာတ်ငွေ့ဖြင့် အသက်ရှင်နိုင်သည့် သတ္တဝါမျိုးများလည်း ပေါ်ခဲ့ကြောင်း၊ ယင်းသတ္တဝါများက အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရာမှ ကမ္ဘာ့လေထုအတွင်း ရေခိုးရေငွေ့ဖြစ်ပေါ်ပြီး မိုးရွာသွန်းမှုများ ရှိလာခဲ့ကြောင်း၊ ယင်းနောက်ပိုင်းတွင် ဇီဝဗေဒအခြေခံဆင့်ကဲဖြစ်စဉ် (biological evolution)၊ ကိုယ်တိုင်မျိုးပွားနိုင်သော ဇီဝရုပ်(self-replicating organisms) ဖြစ်စဉ်နှင့် အသိဉာဏ်အသုံးချမှု အခြေခံ (anthropic principle) ဖြစ်စဉ်များ အဆင့်ဆင့် တိုးတက်ခဲ့ကြောင်း သိရပါသည်။ ထို့ကြောင့် ငါးများ၊ တွားသွားသတ္တဝါများ၊ နို့တိုက်သတ္တဝါများ စတင်ရာသည်လည်းကောင်း၊ ရာသီဥတုနှင့် မိုးလေဝသကို စီရင်ဖန်တီးရာတွင်လည်းကောင်း ရှေးဦးပင်လယ်သမုဒ္ဒရာတို့သည် အခြေခံအကျဆုံးအခန်းက ပါဝင်ခဲ့သည်ဟု ဆိုရပါမည်။

လူတို့သည် အသိအတတ်ပညာမြင့်မားလာသည်နှင့်အမျှ မျက်မှောက်ခေတ် ပင်လယ်သမုဒ္ဒရာများ၏ အားသာချက်များကို ဖော်ထုတ်အသုံးချနိုင်ခဲ့သည်မှာ အံ့မခန်းဖြစ်ပါသည်။ ဥပမာအားဖြင့် ပင်လယ်ခရီးသွားနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်း၊ သဘာဝဓာတ်ငွေ့မှ မြေဩဇာထုတ်ယူသည့်လုပ်ငန်း၊ ဒီရေလှိုင်းနှင့်လေပြင်းရဟတ်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်း၊ လူနှင့်တိရစ္ဆာန်များအတွက် ငါးရိက္ခာနှင့် ဆားရိက္ခာ ထုတ်လုပ်သည့်လုပ်ငန်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ ကျောက်နှင့် သဲများကို ကုန်းတွင်းအဆောက်အအုံများအတွက် ထုတ်ယူသည့် လုပ်ငန်း စသည်တို့ဖြစ်ပါသည်။

ခေတ်အဆက်ဆက် သုတေသနပြုချက်များကို အခြေခံ၍ ယခုအခါ ပင်လယ်သမုဒ္ဒရာများကို ထူးထူးခြားခြား အသုံးချတော့မည့် ကိစ္စများမှာ ပို၍ အံ့မခန်းစရာ ဖြစ်နေပါသည်။ ဥပမာအားဖြင့် အိုတက် (OTEC) ဟုခေါ်သည့် စီမံကိန်းဖြစ်ပါသည်။ (Ocean Thermal Energy Conversion) ဟူသော အခေါ်အဝေါ်ကို အတိုကောက် ပြုထားခြင်းဖြစ်ပါသည်။ ဆိုလိုရင်းမှာ ပင်လယ်ပြင်၏ အပေါ်လွှာရေပူနှင့် အောက်လွှာရေအေးတို့၏ အပူချိန်ခြားနားချက်၊ ကုန်းပေါ်နှင့် ရေအောက်လေဖိအား ခြားနားချက်တို့ကို အသုံးချ၍ လျှပ်စစ်ဓာတ်အား ထုတ်ယူမည့် စီမံကိန်းဖြစ်ပါသည်။ အီကွေတာ၏ တောင်ဘက်၊ မြောက်ဘက် လတ္တီကျု ၁၀ ဒီဂရီအတွင်း ပင်လယ်ပြင်အပေါ်လွှာ ရေထုအပူချိန်သည် ၂၅ မှ ၃၀ဒီဂရီစင်တီဂရိတ်အထိရှိပြီး၊ ရေအနက် ၅၀၀ မှ ၁၀၀၀ မီတာအတွင်း ရေလွှာသည် ၄ မှ ၇ ဒီဂရီစင်တီဂရိတ် အတွင်းရှိကြောင်း၊ ယင်းအခြေအနေတွင် လေဟာနယ်ပန့် (vacuum pump)၊ရေပူပန့် (warm water pump)၊ စွမ်းအင်ထုတ်ပင်မယာဉ် (flash vessel) အကူအညီဖြင့် ရေဆူမှတ်အနိမ့်တွင် ရေပူကို ရေငွေ့ဖြစ်အောင်ဖန်တီး၍ လျှပ်စစ်တာဘိုင်အင်ဂျင်ကို လည်ပတ်စေမည်ဖြစ်ကြောင်း၊ တာဘိုင်အင်ဂျင်မှ ပြန်ထွက်လာမည့်လေဖိအားနည်း ရေငွေ့များကို ကွန်ဒင်ဆာ(condenser)၊ ရေအေးပန့် (cool water pump) အကူအညီများဖြင့် ရေချိုထုတ်ခြင်းကိုလည်း လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ဤနည်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့စသော ရုပ်ကြွင်းလောင်စာ (fossil fuel) အပေါ် မှီခိုရမှုမှ သက်သာမည်ဖြစ်ကြောင်း၊ ပိုလျှံသည့် လျှပ်စစ်စွမ်းအင်ဖြင့် ဟိုက်ဒရိုဂျင်လောင်စာကိုလည်း ထုတ်နိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် ယင်းပင်လယ်ပြင် စွမ်းအင်ထုတ်စက်ရုံများ၏ ရေသွင်းရေထုတ်စွမ်းအားကြောင့် ပင်လယ်အောက်ရှိ အာဟာရဓာတ်ပစ္စည်းများကို ရေပေါ်လွှာဆီသို့ တွန်းတင်ပေးခြင်း(artificial up welling)ဖြင့် ရေပေါ်လွှာငါးများအတွက် ပိုမိုကောင်းမွန်သော ဂေဟပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည့်အပြင် လျှပ်စစ်ဓာတ်၊ ဩဇာဓာတ်၊ ရေချိုဓာတ်များနှင့်အတူ ပင်လယ်ပြင် စိုက်ပျိုးမွေးမြူရေးကို တစ်ခေတ်ဆန်းသစ် နိုင်မည်ဟုဆိုပါသည်။ ယင်းစီမံကိန်းကို ပင်လယ်ပြာတော်လှန်ရေး (Blue Revolution)ဟု ကင်းပွန်းတပ်ကြပါသည်။ စတင်စမ်းသပ်ထုတ်လုပ်မှုများကို ဂျပန်နှင့် အမေရိကတွင် ဆောင်ရွက်နေကြောင်း သိရပါသည်။

ရုပ်ကြွင်းလောင်စာနေရာတွင် အစားထိုးနိုင်မည့် နောက်တစ်မျိုးမှာ ဟိုက်ဒရိတ်ဓာတ်ငွေ့တုံး (Gas Hydrates) ဖြစ်ပါသည်။ ကမ်းလွန်ရေအနက်မီတာ ၄၅၀ ခန့် ပင်လယ်ကြမ်းပြင်တစ်ဝိုက်၌ တွေ့ရသည်ဟု ဆိုပါသည်။ မီသိန်းဓာတ်ငွေ့ပါသော ရေခဲတုံးများဟု သိရပါသည်။ ထုတ်ယူမှုကုန်ကျစရိတ်နှင့် အခြားကွင်းဆက်ပြဿနာ များကိုလည်း စဉ်းစားရန်လိုကြောင်းနှင့် ယခုအခါ အမေရိက၊ ဥရောပ၊ ကနေဒါ၊ ဂျပန်နှင့် အိန္ဒိယတို့က စမ်းသပ်သုတေသန ပြုလုပ်လျက်ရှိကြောင်း တွေ့ရပါသည်။

ပင်လယ်ကြမ်းပြင်ကို နောက်တစ်မျိုးအသုံးချမှုမှာ ရေအောက်ကေဘယ်လိုင်း ဆက်သွယ်ရေးကွန်ရက် (submarine fiberoptic cable network) ဖြစ်ပါသည်။ အာရှ၊ ဥရောပနှင့် အမေရိကတိုက်များရှိ အဓိကနိုင်ငံများကို ဆက်သွယ်ထားသည့် ပင်လယ်ကြမ်းခင်းအောက် "အထူးကေဘယ်ကြိုး"မှတစ်ဆင့် ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြေးနန်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ ထူထောင်နိုင်ခြင်းဖြစ်ပါသည်။ ယင်းစီမံကိန်းကြောင့် လက်ရှိကုန်းပိုင်း ဆက်သွယ်ရေး ထူထောင်ထားမှုစွမ်းပကားထက် ၂၅ ဆမျှ ပိုမိုစွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် ရေအောက်ဓာတ်အားလိုင်း (submarine power cable)ထူထောင်၍ ကမ္ဘာ့ကုန်းပိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု၊ ကျွန်းနိုင်ငံ တစ်ခုနှင့်တစ်ခုတို့သို့ လျှပ်စစ်ဓာတ်အား အရောင်းအဝယ်ပြုနိုင်တော့မည် ဖြစ်ပါသည်။

နောက်ထပ်ကြိုးပမ်းမှုတစ်ရပ်မှာ ဓာတ်မြေဩဇာကို ပင်လယ်အောက်မှ ထုတ်ယူမည့်ကိစ္စဖြစ်ပါသည်။ ကုန်းတွင်းပိုင်းဓာတ်မြေဩဇာထုတ်လုပ်မှုသည် ကြာလာသည်နှင့်အမျှ ကုန်ကြမ်းရှော ဈေးနှုန်းပါ ပြဿနာရှိလာနိုင်သဖြင့် ကမ်းလွန်ပင်လယ်ပြင်တွင် ဖော့စ်ဖိတ်တူးဖော်ခြင်း (subsea phosphorite mining)ပြုလုပ်၍ သဘာဝမဟုတ်သောလူလုပ်မြေဩဇာ (artificial fertilizer) ထုတ်ရန်လိုမည်ဟု ဆိုပါသည်။ ယင်းလုပ်ငန်းကြောင့် ရေပေါ်လွှာအပင်မျှောလေးများ ထူထပ်စွာပေါက်ပွားပြီး အောက်ဆီဂျင်လျော့နည်းနိုင်မှုနှင့် အဆိပ် အတောက်ဖြစ်ပေါ်နိုင်မှုရှိသဖြင့် ယင်းပြဿနာများကို ကြိုတင်စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရပါသည်။

ပင်လယ်သမုဒ္ဒရာများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအချို့ကိုလည်း တင်ပြလိုပါသေးသည်။ ပင်လယ်ကမ်းခြေမှ ရေအနက်မီတာ ၂၀၀ အထိကို ကမ်းဦးရေတိမ်ပိုင်း (continental shelf)ဟု ခေါ်ပြီး ကမ်းရိုးတန်းဇုန်အဖြစ် သတ်မှတ်ထားပါသည်။ ကမ်းခြေမှ ကုန်းတွင်းဘက် ပင်လယ်ရေမျက်နှာပြင် အထက်မီတာ ၂၀၀အမြင့်အထိ ပါဝင်သော ကုန်းပိုင်းကို ကမ်းရိုးတန်းဇုန်၏အပြင်နယ်နိမိတ်အဖြစ် သတ်မှတ်ပါသည်။ ရေသတ္တဝါအားလုံး၏ ၉၈ ရာခိုင်နှုန်းသည် အစာအာဟာရ ပေါကြွယ်သည့် ကမ်းဦးရေတိမ်ပိုင်းတွင် ကျက်စားကြပြီး၊ ကမ်းရိုးတန်းအပြင် နယ်နိမိတ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနေထိုင်ကာ မြို့ပြများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ပို့ဆောင်ရေးလုပ်ငန်းများ ထူထပ်သိပ်သည်းစွာ လုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် ကမ်းရိုးတန်းအပြင် နယ်နိမိတ်မှ အညစ်အကြေးနှင့် ပိုးမွှားများကို စနစ်တကျသန့်စင်မှုမပြုနိုင်လျှင် ကမ်းဦးရေတိမ်ပိုင်း၏ ဂေဟစနစ်ပျက်ယွင်းလာနိုင်ကြောင်း၊ ထို့အပြင် ကမ်းလွန်ရေနံတူးစင် ထောင်ပေါင်းများစွာသည်လည်း ကမ်းဦးရေတိမ်ပိုင်းတွင်ရှိကြသဖြင့် ပတ်ဝန်းကျင် မညစ်ညမ်းရေးနှင့် ရေနံတူး စင်အဟောင်းများကိုပြုပြင်၍ သန္တာကျောက်တန်း အသွင်ပြောင်းလဲမှု (rigs to reefs) ပြုလုပ်သွားသင့်ကြောင်း အကြံပြုချက်များလည်း ပေါ်ထွက်ခဲ့ပါသည်။

ပင်လယ်ရေကြောင်း သွားလာမှုဆိုင်ရာ ပြဿနာအချို့ကိုလည်း ယခုလို တွေ့ရသည်။ ကမ္ဘာ့ကုန်စည် ပို့ဆောင်မှု၏ ၉၀ ရာခိုင်နှုန်းသည် ပင်လယ်ရေကြောင်းကို အသုံးပြုကြောင်း၊ ကုန်တင်သင်္ဘောကြီးအရေအတွက်မှာ ၈၅၈၂၈ စင်းအထိ များပြားလာပြီး ကုန်ချိန်အပါအဝင် စုစုပေါင်း အလေးချိန်သည် မက်ထရစ်တန် ၅၃၂ သန်းခန့် ရှိနေကြောင်း၊ ယင်းစာရင်းထဲတွင် စစ်ရေယာဉ်များနှင့် တန်ချိန်တစ်ရာနှင့်အောက် ရေယာဉ်ငယ်များ မပါဝင်ကြောင်း၊ မတော်တဆနှင့် သဘာဝဘေးဒဏ်ကြောင့် နှစ်စဉ်ပင်လယ်ပြင်နစ်မြုပ်ဆုံးရှုံးမှုမှာ ပျမ်းမျှကုန် တန်ချိန် ကိုးသိန်းခန့်ရှိနေကြောင်း၊ ဆိပ်ကမ်းကြီးများတွင် ရွှံ့နွံနှင့် နုန်းများကြောင့် ရေတိမ်ကောခြင်း၊ သင်္ဘော သောင်တင်ခြင်း၊ သင်္ဘောချင်းတိုက်မိခြင်းဖြစ်စဉ်များ မကြာခဏပေါ်ပေါက်နေကြောင်းသိရသည်။ ထို့ကြောင့် ဆိပ်ကမ်းများကြွံခိုင်ရေးနှင့် ပင်လယ်ပြင်ဆိုင်ရာ ဆိုးကျိုးများလျှော့ချရေးကို နိုင်ငံတိုင်း ကြိုးစားကြရန် ထောက်ပြထားသည်။

အဆိုးဆုံးပြဿနာမှာ အဏုမြူဓာတ်အားထုတ်စက်ရုံများမှ စွန့်ပစ်ပစ္စည်း (radioactive waste) အန္တရာယ်နှင့် သမုဒ္ဒရာထဲတွင် အဏုမြူလက်နက် စမ်းသပ်မှုအန္တရာယ်များပင်ဖြစ်ပါသည်။ တစ်နှစ်လျှင် အဏုမြူဓာတ်အား တစ်မဂ္ဂါဝပ်ထုတ်တိုင်း ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်း ၃၆၅ ဂရမ်နှုန်း ထွက်ရှိကြောင်း၊ ယင်းထွက်နှုန်းသည် ပင်လယ်ထဲရှိ ဓာတုပစ္စည်းများ သဘာဝအလျောက် ရေဒီယိုသတ္တိကြွမှုထက် ၆၀ရာခိုင်နှုန်း မြင့်မားကြောင်း၊ ထို့ကြောင့် သမုဒ္ဒရာ၏ သဘာဝပတ်ဝန်းကျင်ကို အထိနာစေသည့် အဏုမြူကိစ္စအား အလေးထားရန်လိုအပ်လာပြီဖြစ်ကြောင်း ပညာရှင်များကသတိပေးထားပါသည်။

ပင်လယ်သမုဒ္ဒရာရေထုပမာဏသည် ကုဗကီလိုမီတာသန်းပေါင်း ၁၃၇၀ မျှရှိပြီး မြေထုထက်ဆယ်ဆမျှ ကြီးမားပါသည်။ ဆိုဒီယမ်၊ ကလိုရင်း၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်၊ ယူရေနီယမ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ နစ်ကယ်၊ သံ၊ သွပ်၊ ကြေးနီ၊ ရွှေ၊ ငွေ၊ ခဲစသည့် သဘာဝသတ္တုဒြပ်စင် ၄၄မျိုးခန့်ကို ပင်လယ်သမုဒ္ဒရာ၏ အဖိုးတန်သတ္တုသိုက်များအဖြစ် စောင့်ရှောက်သွားရန်နှင့် ကုန်းပိုင်းသယံဇာတခက်ခဲရှားပါးချိန်တွင် စနစ်တကျ ထုတ်ယူသုံးစွဲသွားရန်လည်း အကြံပြု တင်ပြထားပါသည်။

အချုပ်အားဖြင့် ဩကာသလောကနှင့် သတ္တလောကတို့အတွက် ပင်လယ်သမုဒ္ဒရာတို့၏ ကျေးဇူး အရိပ်သည် ကြီးမားလှပါသည်။ ပင်လယ်သမုဒ္ဒရာတို့၏ သဘောသဘာဝ၊ အားနည်းအားသာချက်နှင့် အသုံးဝင်ပုံများကို သိရှိပြီး၊ အနာဂတ်လူသားမျိုးဆက်အတွက် ဆိုးမွေကို အနည်းဆုံးဖြစ်အောင် ဆင်ခြင်၍ ကောင်းမွေကို အများဆုံးပေးနိုင်ဖို့အရေးသည် ပစ္စုပ္ပန်လူသားတို့၏ တာဝန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**မေ ၁၈ ရက်က ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့ ဟားခါးမြို့ မြို့သစ်ရပ်ကွက် ပြည်သူများ သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေနိုင်ရန်အတွက် ဖာရ်ဗားချောင်း စိမ့်စမ်းရေထွက်မှ နှစ်လက်မ ပိုက်ဖြင့် ရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၃၁-၅-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၄:၁၅ | ၄။ လက်စွမ်းပြဟန် ဂီတသံ |
| ၄:၂၀ | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၃၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၄၀ | ၇။ မျိုးချစ်တပ်မတော် |
| ၄:၅၀ | ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၀၀ | ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - MONEY and BANKING (အိမ်တွင်းစီးပွား) |
| ၅:၃၀ | ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅:၄၅ | ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ မြန်မာ့ရှုခင်း |
| ၆:၃၅ | ၁၆။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၅ | ၁၇။ မေးမြန်းစူးစမ်း |
| ၇:၀၀ | ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၁၆)** |
| ၈:၀၀ | ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၁။ လျှပ်တစ်ပြက်ရိုက်ချက် |
| | ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| | ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်က လှုပ်ရှားစားသမား" (အပိုင်း-၅)** |
| | ၂၄။ သင့်အတွက်မနက်ဖြန် |
| | ၂၅။ အပိတ်နှုတ်ဆက်စကား |
| | ၂၆။ ပြီးပါပြီ |

## နိုင်ငံတကာ သတင်းများ

# အီရတ်နိုင်ငံ နာဂျက်ဖ်မြို့နှင့် ကူဖာမြို့များအနီးတွင် ကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံရေးသမားများ တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ် မေ ၂၉

**အီရတ်နိုင်ငံ နာဂျက်ဖ်နှင့် ကူဖာမြို့များအနီးတွင် သောကြာနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံရေးသမားများ တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ အီရတ်ခုခံရေးသမားငါးဦး သေဆုံးသွားပြီး ၁၄ဦး ဒဏ်ရာရရှိသွားကြကြောင်း ဆေးရုံမှရရှိသော သတင်းများက ဆိုသည်။**

ကူဖာမြို့၌ ဖြစ်ပွားသော ပစ်ခတ်မှုတွင် လူသုံးဦးမှာ သေနတ်နှင့် စိန်ပြောင်းဗုံးဆန်များ ထိမှန်သဖြင့် သေဆုံးခဲ့ရပြီး အခြားရှစ်ဦးမှာ ဒဏ်ရာအသီးသီး ရရှိသွားကြသည်ဟု ထိုမြို့ ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နာဂျက်ဖ်မြို့ တိုက်ပွဲ၌လည်း နှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ဆေးဘက် ဆိုင်ရာမှရသော သတင်းက ဆိုသည်။ နာဂျက်ဖ်မြို့သည် ကူဖာမြို့၏ အနောက်တောင်ဘက် သုံးမိုင်အကွာတွင် တည်ရှိသည်။

တိုက်ပွဲများအတွင်း အမေရိကန်စစ်ဘက်မှ ထိခိုက်ဒဏ်ရာရသော စာရင်းကိုမူ မသိရသေးပေ။

**တိုက်ပွဲဖြစ်ပွား**

ရှီးယိုက်ခေါင်းဆောင် မူတာဒါ ဆာဒါကို သစ္စာခံသူ လက်နက်ကိုင်ခုခံရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော သီတင်းပတ် ကြာသပတေးနေ့တွင် အပစ်ခတ်ရပ်စဲရေးမှာ သောကြာနေ့ နံနက်စောစောပိုင်းတွင် ပျက်ပြားခဲ့ရပြီး တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့များက ရှီးယိုက်တို့ အထွတ်အမြတ်ထားရာ မြို့များကို ဝိုင်းထားရာမှ ဆုတ်ခွာပေးလျှင် မိမိ၏ ရှီးယိုက် လက်နက်ကိုင်များကိုလည်း လက်နက်ဖြုတ်သိမ်းပေးမည်ဖြစ်ကြောင်း ခေါင်းဆောင်ဆာဒါက စကားကမ်းလှမ်းခဲ့သည်ဟုဆိုသည်။

**ဆန့်ကျင်တိုက်ခိုက်**

ရှီးယိုက်ခေါင်းဆောင် ဆာဒါသည် ပြီးခဲ့သော နှစ်လမှစတင်၍ အီရတ်နိုင်ငံတောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်နေသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်။

**ရလဒ်**

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံရေးသမားများ အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သောကိစ္စတွင် နှစ်ဖက်တိုက်ရိုက်ဆွေးနွေးရာမှ ရရှိလာခဲ့သော ရလဒ်မဟုတ်ပေ။ အီရတ်ခေါင်းဆောင်များနှင့် အမေရိကန် အုပ်ချုပ်ရေးအာဏာပိုင်များ အကြား ဆွေးနွေးရာမှ ရရှိလာသော ရလဒ်ဖြစ်သည်။

ခေါင်းဆောင် ဆာဒါမှာ ပြိုင်ဘက်တစ်ဦးကို လွန်ခဲ့သောနှစ် ဧပြီလတွင် သတ်ဖြတ်ခဲ့သော ဖြစ်ရပ်နှင့် ပတ်သက်၍ အလိုရှိကြောင်း အမေရိကန်က ကြေညာထားခြင်း ခံခဲ့ရသည်။

ပြီးခဲ့သော ကြာသပတေးနေ့ စောစောပိုင်းတွင် ဆာဒါကို ထောက်ခံသူများသည် ကူဖာရှိ ရှီးယိုက်တို့ အထွတ်အမြတ်ထားရာ အဆောက်အအုံ၏ အတွင်းနှင့် အပြင်သို့ စုရုံးရောက်ရှိလာကြသည်။ ဆာဒါသည် ထုံးစံအတိုင်း လူထုကို တရားဟောပွဲ ပြုလုပ်ရန်ရှိသည်။ ထိုအခိုက်တွင် လူထုများအကြား၌ လက်နက်ကိုင်ခုခံရေးသမား အစောင့်များက စောင့်ကြပ်လျက်ရှိကြသည်။

ထိုနေ့က အမေရိကန်စစ်ဘက်သည် နာဂျက်ဖ်နှင့် ကူဖာမြို့ကြားရှိလမ်းကို ပိတ်ဆို့ထားကြသဖြင့် ယင်းအဆောက်အအုံသို့ သွားသူများသည် မလွယ်ပေါက် လမ်းကြားများကို အသုံးပြုပြီး သွားခဲ့ကြရသည်။ ထိုအခြေအနေများကြောင့် ဆာဒါမှာ ရောက်မလာဘဲ ၎င်း၏လက်ထောက်က ဆာဒါ၏ ကိုယ်စား တရားဟောခဲ့ရကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**မေ ၂၆ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့လယ်၌ ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်မှုကြောင့် အာဖဂန်ပြည်သူများကို အကူအညီပေးရန် ခက်ခဲနေကြောင်း ဥရောပကော်မရှင် ပြောကြား

ဘရပ်ဆယ် မေ ၂၉

**အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် အကူအညီပေးရေး ဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်အန္တရာယ်ပြုနေကြောင်း ဥရောပကော်မရှင်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။**

မိမိတို့သည် အာဖဂန်တွင် အကူအညီ ပေးလိုကြောင်း၊ သို့ရာတွင် အာဖဂန် နစ္စတန်နိုင်ငံမှ လုံခြုံရေးအခြေအနေက အဓိက အဟန့်အတား ပေးနေကြောင်း ဥရောပကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဂျင်းချားလ်စ် အယ်လာမင် မန်းကင်ရိုအမ်ဘီက ပြောကြားသည်။

**အကူအညီပေးမည်**

ဥရောပကော်မရှင်သည် အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာသည့် အကူအညီ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅၆ သန်း ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာရာတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များမှ အုပ်စုများသည် လူသားချင်းစာနာထောက်ထားရေး အကူအညီပေးမှု ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များအကြား ခွဲခြားနိုင်မှုမှာ မသဲမကွဲဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

**ခက်ခဲစေ**

ယင်းသို့သော အနေအထားကြောင့် အကူအညီလိုအပ်သည့် အာဖဂန်ပြည်သူများကို အရေးပါသည့် လူသားချင်း စာနာထောက်ထားရေး အကူအညီပေးမှုကို ခက်ခဲစေကြောင်း ၎င်းက ပြောကြားသည်။

**ဖြန့်ချထား**

အမေရိကန်အများစု အပါအဝင် အပေါင်းပါတပ်ဖွဲ့ဝင် ၂၀၀၀၀ သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုဝင်များနှင့် တာလီဘန်တပ်ဖွဲ့ဝင် အကြွင်းအကျန်များအား လိုက်လံရှာဖွေရန် အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်း၌ တပ်ဖွဲ့ဝင် အများစုကို ဖြန့်ချထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရန်မြောက်ပိုင်း မြေလျှင်လှုပ် လူ၂၀ထက်မနည်း သေဆုံးဖွယ်

**ကာဇဗင် (အီရန်) မေ ၂၉**

အီရန်နိုင်ငံ မြောက်ပိုင်းရှိ အယ်လ်ဘော့ဇ် တောင်တန်းဒေသတွင် သောကြာနေ့က အင်အားပြင်းထန်သော မြေလျှင်လှုပ်ရာ ၂၀ ဦးထက်မနည်းသေဆုံးပြီး ကျေးရွာ အများအပြား ပျက်စီးရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ရစ်ချ်တာစကေးအရ အင်အား ၆ ဒသမ ၂ ရှိ မြေလျှင်သည် မြို့တော် တီဟီရန်တွင်လည်း လှုပ်ခဲ့ကြောင်း၊ ငလျင်လှုပ်စဉ် လမ်းများပေါ်သို့ လူအများ ပြေးဆင်းလာခဲ့ပြီး မှန်ပြတင်းတံခါးများ ပြိုပျက်ကုန်ကြောင်း သိရသည်။

မြေလျှင်ကြောင့် ထိခိုက်ပျက်စီးရမှု အခြေအနေကို အသေးစိတ် မသိရှိရသေးပေ။ သို့ရာတွင် ငလျင်ကြောင့် လူအများအပြား သေဆုံးနိုင်ခြင်း မရှိဟု တာဝန်ရှိသူများက ပြောကြားသည်။

ကာဇဗင်ပြည်နယ်တွင် မြေလျှင်လှုပ်မှုကြောင့် ကျေးရွာပေါင်း ၈၀ ခန့်တွင် ၂၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ပျက်စီးမှုများ ဖြစ်ပေါ်ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မာဆော့ အီမာမီက ပြောကြားသည်။

အီရန်နိုင်ငံတွင် နိုင်ငံအရှေ့တောင်ပိုင်း ဘမ်းမြို့၌ လူ ၂၀၀၀၀ ကျော် သေဆုံးခဲ့ရသော မြေလျှင်ကြီး လှုပ်ခဲ့ပြီးချိန်နောက်ပိုင်း ငါးလအကြာတွင် မြေလျှင် ထပ်မံလှုပ်ခြင်းဖြစ်သည်။

သောကြာနေ့က မြေလျှင်လှုပ်မှုကြောင့် ၁၅၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

**မေ ၂၃ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးရှေ့တွင် အမေရိကန်နှင့် ဗြိတိန်အလံများကို မီးရှို့ဆန္ဒပြနေသည့် အီရန်ပြည်သူများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အဘူဂါရိပ်မှ ညှဉ်းပန်းနှိပ်စက်မှုရုပ်ပုံလွှာများ ဟစ်တလာခေတ်နောက်ပိုင်း တုန်လှုပ်ချောက်ချားဖွယ် အကောင်းဆုံးဟု ကျူးဘားပြောကြား

**ဂွာဒါလာဂျာရာ (မက္ကဆီကို) မေ ၂၉**

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံများနှင့် ဗီဒီယိုတိပ်ခွေသည် ဟစ်တလာခေတ်နောက်ပိုင်း တုန်လှုပ်ချောက်ချားဖွယ် အကောင်းဆုံး ရုပ်ပုံလွှာများဖြစ်ကြောင်း ကျူးဘားအစိုးရက သောကြာနေ့တွင် ပြောကြားသည်။

ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲတွင် ထုတ်ပြန်သည့် ကျူးဘားအစိုးရ၏ ကြေညာချက်တွင် ယင်းကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးရှိ အဘူဂါရိပ် အကျဉ်းထောင်မှ အဆိုပါ ဓာတ်ပုံများနှင့် ဗီဒီယိုတိပ်ခွေတို့ကြောင့် ကမ္ဘာတစ်ဝန်း ပြည်သူသန်းပေါင်းများစွာကို တုန်လှုပ်ချောက်ချားစေကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်နိုင်ငံတွင် အနောက်နိုင်ငံ တပ်ဖွဲ့များ မရှိသင့် နေတိုးတပ်ဖွဲ့များချထားမှုကိုလည်း ဆန့်ကျင်ကြောင်း ဂျာမနီပြောကြား

ဘာလင် မေ ၂၉

**အီရတ်နိုင်ငံတွင် မည်သည့်အနောက်တိုင်းတပ်ဖွဲ့မျိုးမှ ရှိမနေသင့်သည့်အပြင် နေတိုးစစ်စာချုပ်အဖွဲ့ဝင်များမှ တပ်ဖွဲ့များချထားရေးကိုလည်း မိမိအနေဖြင့် ဆန့်ကျင်ကြောင်း ထပ်လောင်းဖော်ပြလိုက်သည်ဟု ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဂျော့ကာဖစ်ရှာက သောကြာနေ့တွင် ပြောကြားခဲ့သည်။**

ဂျာမန်ပါလီမန်တွင် အရှေ့အလယ်ပိုင်း ဒေသအရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးရာ၌ အနောက်တိုင်းတပ်ဖွဲ့ဝင်များ ထိုဒေသတွင်ရှိနေသည့်ကိစ္စကို မိမိ ဆန့်ကျင်ကြောင်း၊ ထိုလုပ်ရပ်မှာ ကျူးကျော် သိမ်းပိုက်သည့်သဘော သက်ရောက်သည်ဟု မိမိရှုမြင်ကြောင်း၊ ဖစ်ရှာက ၎င်း၏အယူအဆကို ပြောကြားခဲ့သည်။

သို့ဖြစ်၍ အီရတ်သည်လည်း နေတိုးနှင့် မဟာမိတ်များတပ်များ မရှိသင့်သောနေရာပင်ဖြစ်သည်မှာ ထင်ရှားကြောင်း၊ ထိုဒေသတွင် တပ်ဖွဲ့များကို ချထားမည်ဆိုလျှင် မဟာမိတ်အဖွဲ့အတွက် အန္တရာယ်ပင်ရှိကြောင်း ဖစ်ရှာက ဆိုသည်။

ဂျာမနီနိုင်ငံသည် အမေရိကန်တို့ ဦးဆောင်ဆင်နွှဲသော အီရတ်စစ်ပွဲကို ပြောင်ကျကျဆန့်ကျင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြောကြားရာ၌ အမေရိကန်က အီရတ်စစ်ပွဲကို မလိုလားသော မဟာမိတ်နိုင်ငံများကို အီရတ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ ဖွဲ့စည်းရာ၌ ပါဝင်လာစေရန် ဖိအားပေးမည်မဟုတ်ကြောင်း အချက်ပြသတိပေးခဲ့သည်။

ကုလသမဂ္ဂတွင် အီရတ်အရေး ဆုံးဖြတ်ကြရာတွင် ထိုနိုင်ငံမှ အမေရိကန် ဦးဆောင်သော တပ်များ ထွက်ခွာရမည့်နေ့ စွဲသတ်မှတ်ရေးနှင့် ပတ်သက်သောကိစ္စရပ်ကို ဖစ်ရှာက တစ်စုံတစ်ရာ ထည့်သွင်းပြောကြားခဲ့ခြင်းမရှိပေ။

အီရတ်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာပေးရန်ရက်ကို ဇန်နဝါရီလဟူ၍ ကနဦးသတ်မှတ်ရန် အဆိုကို မိမိအနေဖြင့် ကန့်ကွက်ကြောင်း ဂျာမန်ဝန်ကြီးချုပ်ဂါဟတ်ရှရိုးဒါးက ဆိုသည်။ လောလောဆယ် အီရတ်၌ ဖြစ်ပွားနေသော မငြိမ်မသက်သည့် အခြေအနေများကြောင့် တပ်များရုပ်သိမ်းရေးကိစ္စရပ် သတ်မှတ်နိုင်ရေးမှာ စောလွန်းနေသေးသည်ဟု ရှရိုးဒါးက ပြောကြားသည်။ ထို့အပြင် အီရတ်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များတွင် နိုင်ငံများမှ တပ်ဖွဲ့များကိုလည်း ပါဝင်စေလိုကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသွားသည်။

အီရတ်တွင် စစ်ရေးအရ ဝင်ရောက်စွက်ဖက်ဆောင်ရွက်ခြင်းဖြင့် အီရတ်ဒီမိုကရက်တစ်နိုင်ငံအဖြစ် ထူထောင်နိုင်လိမ့်မည်။ ထိုမှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးသို့ ၎င်းတို့လိုလားသည့် နိုင်ငံရေးစနစ်ကြီး ပျံ့နှံ့သွားမည်ဆိုသော အမေရိကန်၏ မျှော်လင့်ချက်မှာ ဖြစ်နိုင်စရာမရှိကြောင်း လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေများက ပြသလျက်ရှိသည်ကို နားလည်သဘောပေါက်သင့်သည်ဟု ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဖစ်ရှာက ဖြည့်စွက်ပြောကြားသွားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

**မီးလောင်ပျက်စီး**

**မေ ၂၆ ရက်က နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ် တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသည့် ကားတစ်စီးကိုတွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ဥရောပနှင့် လက်တင်အမေရိကခေါင်းဆောင်များ ပြစ်တင်ရှုတ်ချ

ဂွာဒါလာဂျာရာ(မက္ကဆီကို) မေ ၂၉

**အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းမှုကို ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ခေါင်းဆောင်များက သောကြာနေ့တွင် ပြစ်တင်ရှုတ်ချလိုက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲတွင် တစ်နိုင်ငံတည်း လှုပ်ရှားဆောင်ရွက်သည်ထက် ကုလသမဂ္ဂနှင့် အတူတကွ လက်တွဲ ဆောင်ရွက်ရန် ၎င်းတို့က အမေရိကန်ကို တိုက်တွန်းလိုက်သည်။**

**သဘောတူ**

ကနဦးတွင် ဗြိတိန်နိုင်ငံက ကန့်ကွက် ဆန့်ကျင်ခဲ့သော်လည်း မက္ကဆီကိုနိုင်ငံတွင် ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ကြသော ဥရောပနှင့် လက်တင်အမေရိကတို့မှ ခေါင်းဆောင်များသည် ဘဂ္ဂဒက်မြို့အနီးရှိ အဘူဂါရိပ်အကျဉ်းထောင်မှ အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုကို ပြစ်တင်ရှုတ်ချရန် သဘောတူညီခဲ့သည်။

အီရတ် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းသည့် ဗီဒီယိုတိပ်ခွေများနှင့် ဓာတ်ပုံများသည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အတွက် ရွေးကောက်ပွဲ ယှဉ်ပြိုင်မှုကို ထိခိုက်စေကာ အာရပ်ကမ္ဘာ၌ ပြည်သူများ၏ဒေါသ ထကြွလာစေရန် ဆွပေးရာရောက်ပြီး အီရတ်နိုင်ငံ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များမှ နိုင်ငံအချို့ပင်လျှင် ကန့်ကွက်မှုများတွင် ပါဝင်လာကြသည်။

**ဟန့်တား**

လက်တင် အမေရိကနိုင်ငံများသည် အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုကို ပြစ်တင်ရှုတ်ချရာတွင် ပြင်းထန်သည့် အသုံးအနှုန်းများဖြင့် ဝေဖန်လိုသော်လည်း ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများက ယင်းသို့ သုံးနှုန်းရန် ကြိုးပမ်းမှုကို ဟန့်တားပိတ်ဆို့ခဲ့ကြသည်။ ပဋိပက္ခများကို ဖြေရှင်းရာတွင် တစ်နိုင်ငံချင်းအလိုက် လှုပ်ရှားဆောင်ရွက် ခွင့်ပြုမည့်အစား ကုလသမဂ္ဂက ဦးဆောင်ရန် ထိပ်သီးဆွေးနွေးပွဲ တက်ရောက်သည့် ခေါင်းဆောင်များက သဘောတူညီကြသည်။ တစ်နိုင်ငံချင်းအလိုက်ဆိုသည်မှာ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်ကို ရည်ညွှန်းခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

**မေ ၂၇ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်မှ လွတ်မြောက်လာသောသားဖြစ်သူအား ပွေ့ဖက်နှုတ်ဆက်နေသည့် အီရတ်နိုင်ငံသားဖခင်တစ်ဦးကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကန်နှင့်ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်ကို ကျူးကျော်မှု အီရန်ပြည်သူများ ဗြိတိသျှသံရုံးရှေ့၌ ဆန္ဒပြ

**တီဟီရန် မေ ၂၉**

ဗြိတိသျှနှင့် အမေရိကန်ရဲတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားမှုနှင့်ပတ်သက်၍ ဒေါသအမျက် ထွက်နေကြသော ဆန္ဒပြသူ ၃၀၀ ခန့်သည် တီဟီရန်မြို့တော်ရှိ ဗြိတိန်သံရုံးအရှေ့ဘက်မှ ရဲတပ်ဖွဲ့ဝင်များကာရံထားသည့် အတားအဆီးများကို သောကြာနေ့က တစ်ဟုန်ထိုးချိုးဖျက်ကြသည်။

ရဲတပ်ဖွဲ့ဝင် ၂၅၀ ခန့်က ဆန္ဒပြသူအမျိုးသားအချို့ကို နံပါတ်တုတ်များဖြင့်ရိုက်နှက်၍ ဆန္ဒပြလူအုပ်ကြီးကို နှိမ်နင်းခဲ့ကြောင်း အခင်းဖြစ်ပွားရာတွင်ရှိသည့် ရိုက်တာ သတင်းထောက်တစ်ဦးက ပြောကြားသည်။

**ဖမ်းဆီး**

မိမိတို့သည် အီရတ်နိုင်ငံမှ သေဆုံးသူ အာဇာနည်များ၏သွေးကို အဓိဋ္ဌာန်ပြုထားရာ မိမိတို့အနေဖြင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲအား သတ်ပစ်မည်ဖြစ်ကြောင်း လူအုပ်ကြီးက အော်ဟစ်ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် ခေါင်းမှ သွေးတစိမ့်စိမ့်ထွက်နေသည့် ဆန္ဒပြသူတစ်ဦးကို ဖမ်းဆီးခဲ့ကြသည်။

**ဝတ်ဆင်**

အီရတ်နိုင်ငံ သိမ်းပိုက်ရာတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းအောက်မေ့ဖွယ်နေ့ တစ်နေ့အဖြစ် ကြေညာခဲ့သော အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ တိုက်တွန်းချက်အရ ဆန္ဒပြသမားများသည် အနက်ရောင်အင်္ကျီများကို ဝတ်ဆင်ထားကြသည်။

အီရတ်နိုင်ငံ တောင်ပိုင်းတွင် ရှီးယိုက်တို့ အလေးအမြတ်ထားရာ အဆောက်အအုံများ ပျက်စီးမှုနှင့် ပတ်သက်၍ အီရန်ပြည်သူများ၏ ဒေါသမှာ တီဟီရန်မြို့ရှိ ဗြိတိန်သံရုံးရှေ့တွင် ပေါက်ကွဲကုန်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဆေးလိပ်သောက်ခြင်းဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံး ထိခိုက်နိုင်

**ဝါရှင်တန် မေ ၂၉**

ဆေးလိပ်သောက်ခြင်းသည် မျက်စိ အတွင်းတိမ်ရောဂါ၊ သွေးဆဲလ်ဖြူကင်ဆာ၊ လည်ပင်းကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ ပန်ကရိယကင်ဆာနှင့် အစာအိမ်ကင်ဆာ အပါအဝင် မိမိတို့ ဖြစ်ပွားလာလိမ့်မည်ဟု သံသယဖြစ်ခြင်း မရှိမည့် ရောဂါဘယအမျိုးမျိုးတို့ ခံစားရစေနိုင်ကြောင်း အမေရိကန်ဆရာဝန်ချုပ် ရစ်ချတ်ကာမိုလာက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဆေးလိပ်သောက်ခြင်းသည် ခန္ဓာကိုယ်တွင်းရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်းကို ထိခိုက်စေနိုင်သည့် သဘောတရားရှိကြောင်း ဆေးလိပ်သောက်သုံးခြင်းနှင့် ပတ်သက်၍ ဆရာဝန်ချုပ်က နောက်ဆုံးထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကျန်းမာရေးကိုထိခိုက်**

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဆိုသော အချက်ကို မိမိတို့ သိရှိထားခဲ့သည်မှာ ဆယ်စုနှစ်ပေါင်း အတန်ကြာခဲ့ပြီ ဖြစ်ကြောင်း၊ သို့ရာတွင် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ရောဂါဘယများတွင် မိမိတို့ ဖြစ်ပွားလာလိမ့်မည်ဟု သံသယမရှိခဲ့သည့် ရောဂါဘယအမျိုးမျိုးတို့ ခံစားရနိုင်မှုကို ဤအစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဒေါက်တာ ကာမိုနာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

***အင်တာနက်။***

မေ၂၉ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေအိမ်မျက်နှာကြက်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၂၉ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးနေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မေ ၂၈ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသော အီရတ်လူငယ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၆ ရက်က ဘာဆာရာမြို့ရှိ ဗြိတိသျှစစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းတစ်ခုအနီးတွင် စိန်ပြောင်းကျည် ထိမှန်ခံရသော အီရတ်မိန်းကလေးငယ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## အီရတ် မြင်ကွင်း

မေ ၂၇ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများတိုက်ပွဲဖြစ်ပွားရာ ပျက်စီးနေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

### ပျက်စီး

မေ ၁၉ ရက်က အီရတ်နိုင်ငံ အမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစိုးရနည်းပညာကောလိပ်
(ပင်လုံ)

ရှမ်းပြည်နယ် လွိုင်လင်မြို့အစိုးရနည်းပညာကောလိပ်(ပင်လုံ) အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ညောင်ဦးမြို့နယ်ရှိ ရေရှားပါးသည့် တောင်ဇင်းကျေးရွာအုပ်စု စံပြကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်နေစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)



ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်အိမ်ရာများကို မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ကန်သစ်ကျေးရွာတွင် ဤသို့ ဆောက်လုပ်ပေးခဲ့သည်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ကျေးလက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်တွင် စက်ယန္တရားကြီးများဖြင့် လမ်းဖောက်နေစဉ်။ (ဓာတ်ပုံ–နယ်စပ်/စည်ပင်)

## နယ်စပ်ဒေသ နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မုံရွာ–ကလေး လမ်းပေါ်ရှိ မြစ်သာမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် ပေ ၁၃၂၀ရှည် မြစ်သာတံတား(ကလေးဝ)ကို တွေ့ရစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ❀ ရှေ့ဖုံးမှ

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် ဆင်းမြီဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘ ဆရာအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့များ တက်ရောက်ကြသည်။

**ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်မြင့်တို့က မေ ၂၉ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

### ဖွင့်ပွဲကျင်းပ

အစီအစဉ်အရ ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း "မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်း"နှင့် "ပညာရေးဆောင်ပုဒ်" ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ဧည့်သည်တော်များသည် နိုင်ငံတော်အလံကို အလေးပြုကြပြီး ဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများက ရွှေကြိုးဆွဲ၍ "မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်း"နှင့် "ပညာရေးဆောင်ပုဒ်"တို့ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသူများက "မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်း"နှင့် "ပညာရေးဆောင်ပုဒ်" ဖွင့်ပွဲကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုကြသည်။

ဆက်လက်၍ ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်ကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်

## မြို့ပြနှင့်ကျေးလက်၊ တောင်ပေါ်မြေပြန့် ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ေ
## မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ ပိုမိုရှ

**မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ရက်က ပဲခူးတိုင်း သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားတွင် စက်ခလုတ်နှိပ်၍ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

**အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်[ကြီးချုပ်] ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ရက်က ဆင်မြီးဆွဲမြို့ တိုက်နယ်[...] ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတ[င်းစဉ်])

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး[...] စက်ခလုတ်နှိပ်၍ မာလ်[...] စာသင်ခန်းများ ဖွင့်ပွဲအထ[...] ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပ[...]

ဆက်လက်၍ နိုင်ငံေ[...] ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်န[...] များသည် Printed Medi[...] ing Corner)၊ Electro[...] dia (Video System)၊ [...] ter Lab၊ Language La[...] puter Aided Instructio[...] Visual Presenter [...] တို့ကို လှည့်လည်၍ ေ[...] ကျောင်းသူများ လေ့ကျင့်[...] နေမှုကို ကြည့်ရှုအားပေး[...]

ထို့နောက် နိုင်ငံတော်[...] ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် [...] များသည် ပန်းချီအနုပ[...] အိမ်တွင်းမှုနှင့် လက်မှုပ[...] ကြည့်ရှုစစ်ဆေးကြသည်။

### ကြည့်ရှုအားပေး[...]

ယင်းနောက် နိုင်ငံတော်[...] ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် [...] များသည် ဂီတအနုပ[...] ကျောင်းသား ကျောင်း[...]

စွမ်းရည်ပြတင်ဆက်မှုကို [...] အားပေးကြသည်။

ဆက်လက်၍ သီတဂူ[...] ကြီး ကြီးမှူးလှူဒါန်းသော[...] မြို့နယ် ဆင်မြီးဆွဲမြို့ အ[...] အထက်တန်းကျောင်း မာလ်[...] စာသင်ခန်းများ ဖွင့်ပွဲအ[...] ကျောင်းခန်းမ၌ ကျင်းပ[...]

# စီးပွားကူးသန်း ရှေ့သို့လှမ်း

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Printed Media (Reading Corner)၊ Electronic Media (Video System)၊ Computer Lab၊ Language Lab၊ Computer Aided Instruction Room၊ Visual Presenter Room တို့ကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပန်းချီအနုပညာခန်းနှင့် အိမ်တွင်းမှုနှင့် လက်မှုပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂီတအနုပညာခန်း၌ ကျောင်းသား ကျောင်းသူများ၏

အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်က ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ၌ တပ်ဆင်ထားသော ခေတ်မီ သင်ထောက်ကူ ပစ္စည်းများကို ရှင်းလင်းတင်ပြပြီး သင်ထောက်ကူစာသင်ခန်းများ ပေါ်ထွန်းလာရေးအတွက် ကွန်ပျူတာများ၊ တီဗွီနှင့် အခြားဆက်စပ်ပစ္စည်းများကို အဓိကထား လှူဒါန်းသည့် ကျေးဇူးတော်ရှင် သဲကုန်းသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော တပည့်များ၊ စေတနာရှင် အလှူရှင်များအား ကျေးဇူးတင် ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟန်တင်က မာလ်တီမီဒီယာ စာသင်ခန်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၉ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

## ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိ
## က်ဓာတ်တို့ ပိုမိုရှင်သန်ဖြစ်ထွန်းနေ

ကျောင်းအုပ် ဆရာမကြီးအား ပေးအပ်သည်။

### အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့သည် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အတွက် အလွန်ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေ့တစ်နေ့ဖြစ်ကြောင်း၊ ဆင်မြီးဆွဲမြို့သည် သဲကုန်းမြို့နယ်အတွင်းရှိ မြို့ငယ်လေးတစ်မြို့ ဖြစ်သော်ငြားလည်း ဒေသမှ မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ပါဝင်ကြိုးပမ်း ဆောင်ရွက်ခဲ့

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာသမိုင်းတို့တွင် ထူးခြားသည့် အစဉ်အလာကောင်း ဖြစ်ထွန်းခဲ့သည့် မြို့တစ်မြို့ဖြစ်သဖြင့် မှတ်တမ်းတင်ထိုက်သည့် မြို့တစ်မြို့ဖြစ်ကြောင်း။

ယနေ့ မိမိနှင့်အဖွဲ့အနေဖြင့် ကျေးဇူးရှင် သီတဂူ သဲကုန်းဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ဦးဆောင်မှု၊ အလှူရှင်များ၊ ကျောင်းအကျိုးဆောင်များ၊ ဒေသဆိုင်ရာများ၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲသို့ တက်ရောက်

### မှုမျှတတဖွံ့ဖြိုးရေး

ယနေ့အချိန်အခါသည် နိုင်ငံတော်ဦးဆောင်မှုဖြင့် နိုင်ငံတော်အတွင်းရှိ ပြည်နယ်နှင့် တိုင်းအားလုံး၊ နယ်စပ်အစွန်အဖျားနှင့် အတွင်းပိုင်းဒေသများ၊ မြို့ပြနှင့် ကျေးလက်၊ တောင်ပေါ်မြေပြန့်ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက် စေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း။

ဤကဲ့သို့ တောင်ပေါ်၊ မြေပြန့်၊ မြို့ပြနှင့် ကျေးလက်ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရမည် ဆိုသည့် သဘောထားခံယူချက်ဖြင့် ဆောင်ရွက်ပေးနေမှုကြောင့် မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ ပိုမိုရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း။

### တက်ကြွသည့်အားမာန်

ယနေ့ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲတွင် ကျောင်းသူ ကျောင်းသားများက မိမိတို့၏ သင်ကြားတတ်မြောက်မှု စွမ်းရည်များကို တက်ကြွသည့် အားမာန်နှင့် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြသနေသည်ကို တွေ့မြင်ရပါကြောင်း။

ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် တိုင်းကျိုးပြည်ပြု အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ဤကျောင်းတော်ကြီးက မွေးထုတ်ပေးနိုင်ပါစေ

ဟုလည်း ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက်အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဆင်မြီးဆွဲမြို့ မြို့သစ်ကျောင်း မေတ္တာပေါင်းဆုံမွှာရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာမေ့ကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁သို့ ●

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ရက်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ၂၉ရက်က ဆင်မြီးဆွဲမြို့ တိုက်နယ်ပြည်သူ့ ဆေးစဉ်။

(သတင်းစဉ်)

ဆောင် ဖ ကြိုး ခံပညာ မီဒီယာ ပေးကြ ညာရေး င်တော်

စွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး ကြီးမှူးလှူဒါန်းသော သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပသည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာတစ်စုံနှင့် မီးစက်တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းက ရုပ်မြင်သံကြားစက်ကို

ကြသည့် ထူးချွန်သော ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများ၊ စာပေပညာရှင်များနှင့် အနုပညာရှင် များစွာကို ဆင်မြီးဆွဲမြို့မှပင် ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

### အစဉ်အလာကောင်း

ထို့ကြောင့် ဆင်မြီးဆွဲမြို့မှာ မြို့ငယ်လေးတစ်ခုပင် ဖြစ်သော်ငြားလည်း

အားပေးရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယနေ့ ဆင်မြီးဆွဲမြို့ တစ်မြို့လုံးလိုလိုမှာပင် မြို့သူ မြို့သားများ တက်ကြွမှုနှင့် ဂုဏ်ယူဝမ်းမြောက်မှု အဖုံဖုံမြင်ကွင်းကို တွေ့မြင်ရသဖြင့် ကြည်နူးဝမ်းသာမှု များစွာခံစားရပါကြောင်း။

# အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌက ဆင်မြီးဆွဲ တိုက်နယ်ဆေးရုံအတွက် အောက်ဆီဂျင်စက်ပေးအပ်

**ပေးအပ်**

**အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက် အောက်ဆီဂျင်စက်ကို တိုက်နယ်ဆရာဝန်အား ပေးအပ်စဉ်။** (သတင်းစဉ်)

● **စာမျက်နှာ ၉ မှ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် မြင်းကောင်ရေ ၁၀ကောင်အားရှိ လျှပ်စစ်မီးစက်ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား ပေးအပ်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက် အောက်ဆီဂျင်စက်ကိုတိုက်နယ်ဆရာဝန်အား ပေးအပ်သည်။

**ဆေးရုံသုံးပစ္စည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ကွန်ပျူတာပစ္စည်းများ ထိန်းသိမ်းရန် ရန်ပုံငွေ ကျပ်ငါးသိန်းကို သီတဂူဆရာတော်ကြီးကိုယ်စား သီတဂူသာသနာပြုအဖွဲ့မှ ဦးဟန်ကလည်းကောင်း၊ ဦးတင်ဝင်း–ဒေါ်ဖြူဖြူဝင်း မိသားစု (ကိုတင်ဝင်းတာယာလုပ်ငန်း) က ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက် သီတဂူ ဆရာတော်ကြီးလှူဒါန်းသော မြင်းကောင်ရေ ၁၀ကောင်အားရှိ မီးစက်ကို သီတဂူဆရာတော်ကြီးကိုယ်စား သီတဂူသာသနာပြုအဖွဲ့မှ ဦးဟန်က လည်းကောင်း၊ အာရှတော်ဝင် အထူးကုဆေးခန်းအုပ်ချုပ်မှုဒါရိုက်တာဒေါက်တာမြတ်သူ၊ဒေါက်တာခင်ချိုဦး မိသားစုတို့က ငွေကျပ် ၁၇သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်း ခုနစ်မျိုးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သီတဂူဆရာတော်၏ ငွေကျပ်သိန်း၈၀ အလှူတော်အတွက်ဂုဏ်ပြုမှတ်တမ်းလွှာကို သီတဂူဆရာတော်ကြီးကိုယ်စား သီတဂူသာသနာပြု အဖွဲ့မှ ဦးဟန်အား ပေးအပ်သည်။

ထို့နောက် ဆင်မြီးဆွဲမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် လျှပ်စစ်မီးစက်တစ်လုံးနှင့် ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက်အောက်ဆီဂျင်စက်တစ်လုံး စုစုပေါင်းငွေကျပ် ၁၃သိန်းတန်ဖိုးရှိ ပစ္စည်းများအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အားသီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင် ဦးဂျုန္နကီး–ဒေါ်သိန်းရင် မိသားစု ရှမ်းမလေး ကုန်မျိုးစုံစတိုး ဘုရားကြီးလမ်းပေါင်းတည်က ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးမျိုးမြင့်စံ–ဒေါ်ခင်မိုးဝေ မိသားစု အမှတ်(၁၃) ကင်မွန်းခြံလမ်း ရွှေတောင်က ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးသန်းလွင်–ဒေါ်ခင်သိန်း မိသားစု အမှတ်(၆၅) ရွှေလှိုင်လမ်း ကြည့်မြင်တိုင်က ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင်ဒေါက်တာမြတ်သူ–ဒေါက်တာခင်ချိုဦး မိသားစု အာရှတော်ဝင် အထူးကုဆေးခန်းက ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးအောင်မြင့်–ဒေါ်ဖြူသီ မိသားစု (ဦးအောင်မြင့် လုပ်ငန်းတော်ပတ္တမြား) က ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးနိုင်ဦး–ဒေါ်အေးသိန်း မိသားစု(မိဘရိပ် သစ်စက်)က ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးစန်းအောင်–ဒေါ်မြကြာဖြူ(USAဓာတ်ပုံလုပ်ငန်း) က ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးခင်မောင်ဝင်း–ဒေါ်ဇင်မင်းလှိုင်၊ သမီး ပွင့်အိဖြူ မိသားစု သဃ်န်းကျွန်းက ငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးတင်ဝင်း–ဒေါ်ဖြူဖြူဝင်း၊ သား သီဟတင်ဝင်း(ကိုတင်ဝင်း တာယာလုပ်ငန်း) ကငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးစိန်လှဝင်း–ဒေါ်ဖြူဖြူခင် မိသားစု ရန်ကင်းကငွေကျပ် ၅၀၀၀၀၀၊အလှူရှင်ဦးမောင်မောင်အေး– ဒေါ်စန်းစန်းမြင့် မိသားစု သုဝဏ္ဏက ငွေကျပ် ၅၀၀၀၀၀၊အလှူရှင် ဦးတင်အေး–ဒေါ်သန်းသန်းအေး မိသားစု သဃ်န်းကျွန်းကငွေကျပ် ၅၀၀၀၀၀၊ အလှူရှင် ဦးဟန်–ဒေါ်မြရင်၊ဒေါ်ခင်နု မိသားစု ရန်ကုန်က ငွေကျပ် ၂၀၀၀၀၀၊ အလှူရှင် ဦးထွန်းဖေ–ဒေါ်ယဉ်ယဉ် သား ဦးသိန်းထွန်းဖေ (Myanmar Compu Mart ) က ငွေကျပ် ၂၀၀၀၀၀၊ အလှူရှင်ဦးမြင့်လွင် မိသားစု (ညွန့်ပုံနှိပ်တိုက်လုပ်ငန်း) ရန်ကုန်က ငွေကျပ်၁၀၀၀၀၀၊အလှူရှင် ဆရာငြိမ်း–ဒေါ်နိုင်နိုင်အေး မိသားစု (ဆရာငြိမ်းဝပ်ရှော့) အလုံက ငွေကျပ် ၁၀၀၀၀၀၊ အလှူရှင် ဦးကျော်ရှိန်– ဒေါ်အေးအေး မိသားစု (မင်းသားလေးကဖေး) သုဝဏ္ဏက ငွေကျပ် ၅၀၀၀၀၊အလှူရှင် ဦးရွှေနီ–ဒေါ်မြင့်မြင့် မိသားစု ရန်ကုန်ကငွေကျပ် ၅၀၀၀၀၊ အလှူရှင် ဦးမြအောင်–ဒေါ်အေးအေးစိုး မိသားစုက ငွေကျပ် ၅၀၀၀၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူရှင်များအားကျေးဇူးတင်စကားပြောကြားသည်။

**ရေစက်ချတရားချီးမြှင့်**

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ရေစက်ချတရား ချီးမြှင့်တော်မူသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆင်မြီးဆွဲမြို့ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့်ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန် ဒေါက်တာ တင်ဝင်းအောင်နှင့်တာဝန်ရှိသူများကလိုက်လံပြသပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုက်နယ်ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

**နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က သဲကုန်းမြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**သဲကုန်းမြို့နယ်ဆေးရုံ**

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာဇော်ဝင်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆေးရုံအုပ် ဒေါက်တာဇော်ဝင်းက မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၃၁ – ၅ – ၂၀၀၄ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၂၀ ၇။ မင်းလှရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၅:၅၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၀ ၁၀။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာအစားအစာ(ဗမာ)
- ၆:၀၅ ၁၁။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဓာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
- ၆:၁၀ ၁၂။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ တေးများ
- ၆:၂၀ ၁၃။ Discovery.
- ၆:၃၀ ၁၄။ ညနေခင်းသတင်း
- ၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၆။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ လွိုင်ဆမ်ဆစ် စိုက်ပျိုးရေးခုန်
- ၇:၁၅ ၁၇။ ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝ ချမ်းသာရ
- ၇:၃၀ ၁၈။ အရောက်လှမ်းချီ ပန်းတိုင်သစ်ဆီ
- ၇:၄၅ ၁၉။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၂၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၄၁)**
- ၂၅။ နောက်တစ်နေ့အစီအစဉ်
- ၂၆။ အစီအစဉ်ပြီး၏။

# ရှေးဟောင်းသမိုင်းဝင် သိမ်တော်ဟောင်းကြီး ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံသွားမည်

☞ စာမျက်နှာ ၁၀ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာခန်းများ၊ ခွဲစိတ်ခန်း၊ ခံတွင်းနှင့်သွားဌာနနှင့် ဓာတ်မှန်ဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

## တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဲကုန်းမြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

## ထပ်မံဖြည့်ဆည်းပေးခဲ့

မိမိယခင် ဧပြီလက ပြည်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်တွင် သဲကုန်းမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊လူမှုရေးများကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုခရီးစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို စိစစ်ပြီးထပ်မံဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်သည် ဆောင်ရွက်ပေးဖွယ်ရာများကို မပြတ်လေ့လာပြီး ဖိဖိစီးစီး ဆောင်ရွက်ပေးသွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ် အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာနှင့် ရုပ်မြင်သံကြားစက်တစ်စုံစီတို့ကိုသက်ဆိုင်ရာ ကျောင်းအုပ်ကြီးများကိုယ်စား မြို့နယ်ပညာရေးမှူးအား ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက သဲကုန်းမြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊မိုးစပါး၊နွေစပါးနှင့် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှု၊ မိုးစပါးတိုးချဲ့စိုက်ပျိုးရန်စီစဉ်ထားမှု၊ ပညာရေး၊ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်း လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့် တာဝန်ရှိသူများကသစ်တောလုပ်ငန်း၊ မြို့စည်ပင်သာယာရေး၊ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ သစ်တောကြိုးဝိုင်း ပြုစုပျိုးထောင်ရေး၊လမ်းများပြုပြင်ထိန်းသိမ်းရေး၊ မြို့တွင်းလမ်းများအဆင့်မြှင့်တင်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အဖွဲ့ ဆင်မြီးဆွဲမြို့အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး သဲကုန်းမြို့နယ်၏ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လာရောက်ကြခြင်း ဖြစ်ကြောင်း။

နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ငွေကြေးများစွာသုံးစွဲလျက်ရှိနေကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း မိမိတို့ မြို့နယ်ဒေသများ တိုးတက်သည်ထက် တိုးတက်လာအောင် ရေရှည်မျှော်မှန်း တွေးတောကြံဆပြီး စေတနာထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ဆောင်ရွက်ပေး

မြို့နယ်တစ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာလည်း ယင်းမြို့နယ်ကို ကျောထောက်နောက်ခံ ပြုပေးထားသည့် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး တွန်းတွန်းတိုက်တိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

## မပြတ်လေ့လာဆောင်ရွက်

ထို့ကြောင့် မြို့နယ်တာဝန်ခံများအနေဖြင့် ကျေးလက်ဒေသအရောက်သွားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ဖြစ်ထွန်းရေးနှင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားရေးတို့အတွက်

သည် သဲကုန်းမြို့ မြသိန်းတန်စေတီတော်သို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သဲကုန်း-ပုတီးကုန်း-ဝက်ပုတ် လမ်းအပိုင်း၏အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အင်းမတိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၉ ရက်က ပြည်မြို့ ရတနာမာန်အောင်တောရ ရွှေဖျိုင်းနားဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တာဗလအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ၂၉ရက်က ရွှေတောင်မြို့နယ် ဆင်မကြပ်ကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရှင်လိုဏ်ဂူစေတီတော် ပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော်သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပူဇော်ကန်တော့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်လမ်းမကြီး အနောက်ဘက် ရွှေတောင်မြို့နယ် နွားမယံအုပ်စု ဖိုးသိန်းတန် သာသနာ့နယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် သိမ်တော်ဟောင်းကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ရွှေနတ်တောင် မှဲ့ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာစာရအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ရွှေနတ်တောင် မှဲ့ရှင်ကျောင်းဆရာတော် ဘဒ္ဒန္တခေမာစာရက ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီး၏ နောက်ခံသမိုင်းနှင့်သိမ်တော်ကြီး ဘက်စုံ ပြုပြင်မွမ်းမံခြင်းနှင့်ပတ်သက်၍ သြဝါဒ မိန့်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသန ဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သိမ်တော်ကြီးကို ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရှေးဟောင်းသုတေသန ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီး အဆောက်အအုံ ဖွဲ့စည်း တည်ဆောက်ထားမှု၊ သိမ်တော်ကြီး၌တွေ့မြင်ရသော ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသိမ်တော်ကြီးပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာပစ္စည်းများနှင့် သိမ်တော်ကြီး ဘက်စုံပြုပြင် မွမ်းမံနိုင်မည့်အခြေအနေများကို ကြည့်ရှုကြသည်။

## ရှင်လိုဏ်ဂူစေတီတော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေတောင်မြို့နယ် ဆင်မကြပ်ကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရှင်လိုဏ်ဂူစေတီတော်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရွှေတောင်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင်က ရှင်လိုဏ်ဂူစေတီတော်၏ နောက်ခံသမိုင်း၊ ရှင်လိုဏ်ဂူစေတီတော် ပတ်ဝန်းကျင်၌ ရှေးဟောင်းစေတီတော်များ ရှာဖွေဖော်ထုတ်တွေ့ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်လိုဏ်ဂူစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

## ရေစက်ချအလှူတော်

ဆက်လက်၍ ရွှေတောင်မြို့နယ် ဆင်မကြပ်ကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရှင်လိုဏ်ဂူစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို အဆိုပါစေတီတော်အနီးဓမ္မာရုံ၌ ကျင်းပသည်။

မင်္ဂလာအခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။




မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ၂၉ရက်က သဲကုန်းမြို့နယ်ခန်းမ၌ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ်အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို မြို့နယ်ပညာရေးမှူးအားပေးအပ်စဉ်။(သတင်းစဉ်)

## ငါးပါးသီလခံယူ

ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်လိုဏ်ဂူစေတီတော်ထိန်းသိမ်းရေး အကျိုးတော်ဆောင် စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ ၁၁ မှ

အဖွဲ့ကိုယ်စား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းက ရှင်လိုဏ်ဂူစေတီတော် ဓာတ်ပုံကိုပူဇော်ရန် ဂါရဝပြု လက်ဆောင်အဖြစ်ပေးအပ်သည်။

**ဖတ်ကြားကြေညာ**

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးစံသင်းလှိုင်က အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်း၊ ဇနီး ဒေါ်ဝင်းမမ မိသားစုနှင့် ညီအစ်မများက ရှင်လိုဏ်ဂူစေတီတော်နှင့် ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာအတွက် မြေဧက ၂၇ ဒသမ ၅ဧကအား သာသနာမြေအဖြစ် လှူဒါန်းခြင်း၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များက ရှင်လိုဏ်ဂူ ဆုတောင်းပြည့်စေတီ ဘက်စုံပြုပြင်မွမ်းမံရန် လှူဒါန်းငွေကျပ်သိန်း ၃၂၀ဖြင့် ရှင်လိုဏ်ဂူ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ခြင်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်-ဒေါ်နီနီ မိသားစုက သိတင်းဂူဆောင် အဆောက်အအုံကို ငွေကျပ် ၂၅သိန်းဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်း၊ အောင်လံမြို့နေ ဦးတင်အောင်-(ဒေါ်တင်မှီ) မိသားစုက အာရုံခံတန်ဆောင်း အဆောက်အအုံကို ငွေကျပ်သိန်း ၄၀ဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်း၊ ရွှေတောင်မြို့နေ ဦးအောင်ကြည်-သုဓမ္မသီဂီ ဒေါ်ရင်ကြွေ မိသားစုက ရွှေပြည်ငြိမ်းအေး ဓမ္မရိပ်သာ ငွေရတနာပန်းတိုက်ကျောင်းကို ငွေကျပ် ၃၁၅သိန်းဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်း၊ ရွှေတောင်မြို့နေ ဦးဇော်မင်း-ဒေါ်စန်စန်းအေး မိသားစုက သိမ်အဆောက်အအုံကို ငွေကျပ် ၂၄သိန်းဖြင့် လှူဒါန်းတည်ဆောက်ခဲ့ခြင်းများအပြင် ရန်ကုန်မြို့နေ ယောဂီမယ်တော်ကြီး ဒေါ်အိမ်ပြည့် အမှူးထား၍ သားသမီး မြေးမြစ်တစ်စုတို့က လက်ရှိ ရှင်လိုဏ်ဂူဆုတောင်းပြည့်စေတီတော်၏ တောင်ဘက်၌ တည်ရှိသော ရှေးဟောင်းစေတီတစ်ဆူအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း အနုမောဒနာပြုနိုင်ရန် ဖတ်ကြားကြေညာသည်။

**အမှျပေးဝေ**

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**ပူဇော်ကန်တော့**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ရတနာမာရ်အောင်တောရသို့ သွားရောက်၍ ရွှေဗျိုင်းနားဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇ္ဇာဗလအား ပူဇော်ကန်တော့ကြသည်။

**ပြန်လည်ရောက်ရှိ**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

## သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၃၀**

အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူးကျင်းပ၍ Loi Hein Co., Ltd. ALPINE သောက်ရေသန့်က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)နှင့် အမှုဆောင်များ၊ ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင်ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းနှင့် ကော်မတီဝင်များ၊ Loi Hein Co., Ltd. ALPINE သောက်ရေသန့်မှ တာဝန်ရှိသူများ၊ အထူး ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲတွင် တစ်ဦးချင်းဆု ရရှိကြသူများအား အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်များက ဆုများကိုချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲတစ်လျှောက်လုံး အကောင်းဆုံး အားကစားသမားဆု ရရှိကြသောအမျိုးသမီးအသက်(၁၂)နှစ်နှင့်အောက် ပြိုင်ပွဲတွင် ခိုင်စုထွေး (အောင်ဆန်းလေ့ကျင့်ရေးစခန်း) အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဒေါ်အယ်လ်ခွန်းရီက လည်းကောင်း၊အမျိုးသားအသက်(၁၂)နှစ်နှင့်အောက်ပြိုင်ပွဲတွင် မင်းဟိန်းခန့် (အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား Ruby Dragon Co., Ltd မှ ဒါရိုက်တာဦးစန်းလွင်ကလည်းကောင်း၊ အမျိုးသမီး အသက်(၁၅)နှစ်နှင့်အောက်ပြိုင်ပွဲတွင် အိသဉ္ဇာခိုင်(အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်တင်တင်မြက လည်းကောင်း၊ အမျိုးသား အသက်(၁၅)နှစ်နှင့်အောက်ပြိုင်ပွဲတွင်အောင်ခန့် (အောင်ဆန်းလေ့ကျင့်ရေးစခန်း) အား ၂၀၀၄ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲနိုင်ဝင်းကလည်းကောင်း၊ အမျိုးသမီး အသက်(၂၀)နှစ်နှင့်အောက်ပြိုင်ပွဲတွင် ဇာနည်ဝင့်(သူရဲကောင်းကလပ်) အား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်အေးအေးကလည်းကောင်း၊ အမျိုးသား အသက်(၂၀)နှစ်နှင့်အောက် ပြိုင်ပွဲတွင် ဉာဏ်လင်းဖြိုး (အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)ကလည်းကောင်း အကောင်းဆုံး အားကစားသမားဆု တံဆိပ်များ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၄ ခုနှစ် သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းကပြိုင်ပွဲတွင် အတိုးတက်ဆုံးဆုရရှိသော အမျိုးသား အသက်(၁၂)နှစ်နှင့်အောက် အတန်းမှ ရဲမာန်ဦး(အောင်ဆန်းလေ့ကျင့်ရေးစခန်း) အား အထူးဆုကိုပေးအပ်ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

**အတိုးတက်ဆုံး အားကစားသမားဆု**

**၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်း ပြိုင်ပွဲတွင် အတိုးတက်ဆုံး အားကစားသမားဆုရရှိသောအမျိုးသားအသက်(၁၂)နှစ်နှင့်အောက်အတန်းမှမောင်ရဲမာန်ဦး(အောင်ဆန်းလေ့ကျင့်ရေးစခန်း)အား အထူးဆုချီးမြှင့်စဉ်။** (ကရာတေးဒိုအဖွဲ့ချုပ်)

## နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၂)ဖြန့်ချိ

**ရန်ကုန် မေ ၃၀**

နိုင်ငံတကာသတင်းဂျာနယ်အမှတ် (၄၅၂)ကို ယနေ့(တနင်္လာနေ့) တွင် ဖြန့်ချိလိုက်ပြီဖြစ်သည်။

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် အရှေ့တောင်အာရှရေပြင်မှ ပင်လယ်ဓားပြများ၊ ကာဂျီစတန်နိုင်ငံအကြောင်း သိကောင်းစရာ၊ ရုရှားလုပ်ငန်းရှင် သူဌေးကြီးကို စွဲချက်တင်၊ နာဂျက်ဖ်မြို့တွင် ထိုးစစ်များရပ်ဆိုင်း၊ သမ္မတဘုရှ်၏ နိုင်ငံခြားရေးမူဝါဒ ဝေဖန်ခံရ၊ ကိုးကြိမ်ကိုးလီ သေရွာပြန်သူ၊ ပြင်သစ်၏စွမ်းအင်ပြဿနာ၊ ၁၉၁၈ ခုနှစ်ဆီက တုပ်ကွေးသင်ခန်းစာ၊ အစ္စရေး ကာကွယ်ရေးဝန်ကြီး၏ အင်တာဗျူး၊ ဟိုက်ဒရိုဂျင်စွမ်းအင်ရေးရာ ဆွေးနွေးပွဲ၊ မြောက်ဝင်ရိုးစွန်းဒေသ၏ ရာသီဥတုအလှည့်အပြောင်း၊ အေသင် နွေရာသီအိုလံပစ်၊ ယုံချင်ယုံမယုံချင်နေ၊ ဂျပန်ပို့ကုန် အခြေအနေ၊ ကာရစ်ဘီယံ သဘာဝဘေး၊ သေဒဏ်စီရင်ချက်ချမှတ်ခံရသော ဉ်ရှင်ရီကျိုအဖွဲ့ဝင်၊ ဂါဇာမှ အစ္စရေးတပ်ဖွဲ့ ရုပ်သိမ်းရေးကြိုးပမ်းချက် စသည့် သတင်းနှင့်သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

**(ကြေးမုံ)**

## တော့ပ်ဆပ်ပြာမှုန့် ကံစမ်းမဲဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၃၀**

ပထမထိပ်တန်း ကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်သော တော့ပ်ဆပ်ပြာမှုန့်နှင့် မိုနိုဆပ်ပြာမှုန့်သုံးစွဲသူများအတွက် ကံစမ်းမဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ကုန်သည်ကြီးများ ဟိုတယ်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန်နေဂျင်းဒါရိုက်တာ ဦးဉာဏ်ဝေ(**အောက်ပုံ**) က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီးကံစမ်းမဲဖွင့်ပွဲ နည်းစနစ်စည်းကမ်းချက်များကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားရှင်းလင်းပြီး ကြွရောက်လာကြသော ဧည့်သည်တော်များကကံထူးရှင်များကို မဲနှိုက်ရွေးချယ်ပေးကြသည်။(က-ပ)

## ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၁/၉၇)

### ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည် ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြ ပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန။**



✧ **ကျော်ဖုံးမှ**

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

ဂီတဖျော်ဖြေမှုအစီအစဉ်များ တင်ဆက်စဉ် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အဆိုတော်များနှင့် တွဲဖက်၍လည်းကောင်း၊ တစ်ဦးချင်းလည်းကောင်း ပျော်ပျော်ပါးပါး ပါဝင်သီဆိုဖျော်ဖြေကြသည်။ အဆိုပါ ဂီတဖျော်ဖြေမှုအစီအစဉ်တွင် ပါဝင်သီဆိုဖျော်ဖြေကြသူများအား ညီလာခံကိုယ်စားလှယ်များက ဂုဏ်ပြုဆုငွေများချီးမြှင့်၍ ဂီတဖျော်ဖြေမှုအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)ဒေါ်တင်တင်မြအား ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

## ဖျော်ဖြေတင်ဆက်

**အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။** (သတင်းစဉ်)

**မေ ၃၀ရက်က အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဘီလီယက်ကစားခြင်းများ ပြုလုပ်ကြစဉ်။** (သတင်းကျော်ဖုံး) (သတင်းစဉ်)

## ရမ္မာဝတီဆရာတော် ချီးကျူးဂုဏ်ပြုပူဇော်

**ရန်ကုန် မေ ၃၀**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သည့် ၁၃၆၅ ခုနှစ် (၅၆)နှစ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူခဲ့သော ဓကောဒသမမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလအား ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)က ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပရာ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) နာယကများ၊ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပူဇော်ပွဲသဘင်ကျင်းပရခြင်းအကြောင်းကို ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးချမ်းမောင်က လျှောက်ထားတင်ပြပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဣန္ဒပါလ အရှင်သူမြတ်၏ ထေရုပ္ပတ္တိကထာကို ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်(သမ္မတသက်န်းတိုက်)က လျှောက်ထားပူဇော်သည်။

(သတင်းစဉ်)

## ဆွေးနွေးညှိနှိုင်း

**မေ ၃၀ရက်က အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များ စာတမ်းများ ဆွေးနွေးညှိနှိုင်းပြုစုဖတ်ကြားကြစဉ်။** (သတင်းကျော်ဖုံး)

(သတင်းစဉ်)

**မေ ၃၀ရက်က အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ သတ်မှတ်အားကစားရုံ၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။** (သတင်းကျော်ဖုံး) (သတင်းစဉ်)





## ရန်ကုန်တိုင်း ဘတ်စကက်ဘော လူရွေးမည်

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်း ဘတ်စကက်ဘော ဆပ်ကော်မတီက ကြီးမှူး၍ ၂၀၀၄ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော အသင်းများအတွက် လူရွေးပြိုင်ပွဲကို ဇွန် ၅ရက်နှင့် ၆ ရက်တို့တွင် နံနက် ၉ နာရီမှစ၍ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရန်ကုန်တိုင်း ဘတ်စကက်ဘော လူရွေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းအတွင်းမှ ဘတ်စကက်ဘော အားကစားမောင်မယ်များသည် ဇွန် ၅ ရက် နံနက် ၈ နာရီခွဲနောက်ဆုံးထား၍ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံသို့ ရောက်ရှိလာကြပြီး ရန်ကုန်တိုင်း ဘတ်စကက်ဘော ဆပ်ကော်မတီထံသို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

## ဗိုလ်တထောင် စာပေ၊စာနယ်ဇင်း အတွေ့အကြုံရှင်း

**ရန်ကုန် မေ ၃၀**

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် အခမ်းအနားမှူးအဖြစ် အဖွဲ့အတွင်းရေးမှူး ဒေါ်တင်မွေး (မွေးငယ်ငယ်)က ဆောင်ရွက်ပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

(ကြေးမုံ)

## ရှင်းလင်းတင်ပြ

**ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း) အတွေ့အကြုံ ရှင်းလင်းတင်ပြစဉ်။** (ကြေးမုံ)

## မိုးတစ်ကြိမ်နှစ်ကြိမ်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။**



## မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ရရှိရေးဆွေးနွေး

**ရန်ကုန် မေ ၃၀**

ပဲခူးတိုင်း တောင်ငူခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိရေးနည်းပညာဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက်ပိုင်းတွင် ခရိုင်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နည်းပညာဆွေးနွေးပွဲသို့ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးဆောင်သော တိုင်းပညာပေးအဖွဲ့ဝင်များ၊ တောင်ငူခရိုင်မန်နေဂျာ ဦးအောင်ကျော်ဦး၊ တောင်ငူခရိုင် ခြောက်မြို့နယ်မှ မြို့နယ်မန်နေဂျာများ၊ ဒုတိယကြီးကြပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

(သတင်းစဉ်)


## မွေးနေ့ဆုတောင်း

ချစ်မေမေ **ဒေါ်အေးအေးဝင်း**၏ ၃၁–၅–၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝခရီးကို ရှေ့ဆက်လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလျက်–

**ချစ်သားသမီးများ–** **မျိုးဇော်အောင်**(MOFA)
**သီဟအောင်–ဇင်မေအေး(ရွှေမဟာကုမ္ပဏီ)**
**နေမျိုးထက်၊ နေမင်းထူး**
**ချစ်မြေးလေး – လဝန်းရွှန်းလက်။**

လှိုင်စာပေ
ပါးလပ်ခင်ခင်
လိပ်ပြာခ နောက်ကြိုး
လုံးချင်းဝတ္ထုသစ်
ထွက်ပြီ
စာမူခွင့်ပြု–၂၄၄/၂၀၀၄ (၃)

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်နေ
ဦးတင်အေး(ဒုတိယမြို့နယ်အခွန်ဦးစီးဌာနမှူး၊ ငြိမ်း)–ဒေါ်နုတို့၏သားကြီး
**မောင်ကျော်သန်း** A.G.T.I (M.T)2nd Year (Maths)
Senior Engine Cadet, Lizstar Shipping Ltd.
နှင့်
ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်နေ
ဦးစိန်ထွန်း–ဒေါ်ရှုခင်(ရွှေပန်းထိမ်နှင့် စိန်မြန်မာစတိုး) တို့၏ တတိယမြောက်သမီး
**မနီလာထွန်း** B.Sc(Maths)

တို့၏ ၃၀–၅–၂၀၀၄ရက်တွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဦးစောထွန်းနှင့်ဇနီး ဒေါ်ရီရီမေ (ပညာရေးသုတေသနအရာရှိ၊ ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးမြင့်အောင်နှင့် ဇနီး ဒေါ်စန်းစန်းဝင်းအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဘက်ဘက်မှ ဝိုင်းဝန်းအကူအညီပေးကြသောသူငယ်ချင်းများ၊ IBC မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်အသီးသီးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သန်း–မနီလာထွန်း။**


## ပြန်ကြားရေးဝန်ကြီးဌာန တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်–

**(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

| | | |
|---|---|---|
| (၁) | TV Transmitter Power Tube | (1) Lot |
| (၂) | TV Lighting Lamp | (1) Lot |
| (၃) | Spares for DV Cam Camera & VCR | (1) Lot |
| (၄) | Replacement of Switch Gear Unit | (1) Lot |
| (၅) | Tower Foundation Materials for 10 KW TV TX | (1) Lot |
| (၆) | Computer System for Receive only System | (2)Lots |
| (၇) | 250 W TV TX | (1) Set |

**(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

| | | |
|---|---|---|
| (၁) | Hilithodol Developer | (160)pkgs |
| (၂) | Agfa Developer | (60) bots |

**(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်း**

| | | |
|---|---|---|
| (၁) | ဖလင်ရိုင်း (35 mm Fuji Colour Negative Film-400') | (200)Rolls |
| (၂) | ဖလင်ဆေးစိမ်လုပ်ငန်းသုံးဓာတ်ဆေး | (19) kds |

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၆–၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ၊**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း–၂၄၅၆၂၄၊၂၄၅၆၃၁၊ ၂၄၅၆၄၅**


## ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)
မကြာမီ ဖြန့်ချိမည့် စားသောက်ကုန်ပစ္စည်း အသစ်တစ်ခုအတွက် တက်ကြွ ဖျတ်လတ်သော ဝန်ထမ်းများ အလိုရှိပါသည်။

(1) Marketing Manager (1)post
- အမျိုးသား / အမျိုးသမီး
- ဘွဲ့ရ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ရေးနိုင် ပြောနိုင်ရမည်။
- Microsoft Office ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- အဖွဲ့တစ်ခုကို ကောင်းစွာ ဦးဆောင်နိုင်ပြီး အုပ်ချုပ်မှု စွမ်းရည်ရှိရမည်။
- ဈေးကွက်(သို့)အရောင်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

(2) Accountant (1)post
- အမျိုးသား / အမျိုးသမီး
- B.Com / C.P.A ဘွဲ့ရ
- ဘွဲ့ရ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ ရေးနိုင် ပြောနိုင်ရမည်။
- Microsoft Office ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- ဈေးကွက်/အရောင်း လုပ်ငန်းများတွင် လုပ်သက်(၃–၄) နှစ်ရှိရမည်။

(3) Admin Staff (4)posts
- အမျိုးသား / အမျိုးသမီး
- ဘွဲ့ရ အင်္ဂလိပ် စကားပြောနိုင်ရမည်။
- Microsoft Office ကို အသုံးပြုနိုင်ရမည်။

(4) Sales Supervisor (2)posts
- အမျိုးသား / အမျိုးသမီး
- ယဉ်ကျေးမှုရှိ တက်ကြွပြီး အရောင်းလုပ်ငန်းများတွင် (၃)နှစ်ခန့် အတွေ့အကြုံရှိသူ ဖြစ်ရမည်။

(5) Salesman (5)posts
- အမျိုးသား / အမျိုးသမီး
- အရောင်းလုပ်ငန်းကို (၁)နှစ် အနည်းဆုံး လုပ်ကိုင်ဖူးသူ ဖြစ်ရမည်။

(6) Driver (3)posts
- အရောင်းကားမောင်းသည့် အတွေ့အကြုံရှိရမည်။

(6) Sales Assistant (5)posts
- အမျိုးသား
- (၁၀)တန်းအောင်ပြီး တက်ကြွဖျတ်လတ်ရမည်။

စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူနှင့်အတူ အောက်ပါလိပ်စာသို့ တစ်ပတ်အတွင်းလျှောက်ထားနိုင်ပါသည်။
**ဓနသီဟကုမ္ပဏီလီမိတက်**
အခန်း(၄၀၂)၊(၄) လွှာ၊ နေသီဟစင်တာ၊
၇၉၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 210 670, 223 288, Ext - 201

## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃ လမ်း၊ အမှတ်(၁၇၅) နေ
အရာခံဗိုလ်အောင်အောင်(ငြိမ်း)–ဒေါ်ငြိမ်းခင်တို့၏ သားလတ်
**ဗိုလ်ကျော်ဆန်း(ငြိမ်း) B.Sc (D.S.A)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
နှင့်
ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာအရှေ့ပိုင်း၊ အမှတ်(၁/၁၂၇)နေ
ဦးကျော်မြင့်–ဒေါ်ဌေးယဉ် (M.P.P.E)တို့၏ သမီး
**မသူဇာအောင် B.Sc (Chemistry)**

တို့၏၂၉–၅–၂၀၀၄ရက် Grand Plaza Parkroyal တွင် ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့အား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မရွှေရည်ဝတ်မှုံ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မခင်သူဇာစိုး၊ မခင်သန္တာစိုး အမြွာညီအစ်မအားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ် အလှပြုပြင်ပေးသော မိတ်ကပ် ဦးအုန်းသွင်နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော နီနီပွိုင့်၊ နိုင်ငံကျော်အဆိုတော်များအား လည်းကောင်း၊ ဓာတ်ပုံဗီဒီယို မဏိရွှေစင်၊ အခမ်းအနားမှူး ဦးဝင်းတင်နှင့် ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးများအား လည်းကောင်း၊ Grand Plaza Parkroyal မှ မသင်းမြတ်ကြိုင်နှင့် ဝန်ထမ်းများအား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကျော်ဆန်း (ငြိမ်း)–မသူဇာအောင်။**


## အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော် မြင်းခြံနှင့် မိတ္ထီလာတွင် စည်ကားစွာကျင်းပမည်

**ရန်ကုန် မေ ၃၀**

ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ထုတ်ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ အဆင့်မြင့်ကုန်ပစ္စည်းများကို တိုက်ရိုက်ပြသဖြန့်ဖြူး ရောင်းချနိုင်ရန်နှင့် မန္တလေးတိုင်းမှ အများပြည်သူများအနေနှင့် လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လေ့လာကြည့်ရှုဝယ်ယူနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် Climax Business Group Co.,Ltd မှ မန္တလေးတိုင်း မြင်းခြံမြို့ ပြည်သူ့အားကစားကွင်းနှင့် ခန်းမတွင် ဇူလိုင် ၈ရက်မှ ၁၂ ရက်အထိ လည်းကောင်း၊ မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမတွင် ဇူလိုင် ၁၅ရက်မှ ၁၉ရက်အထိ လည်းကောင်း အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

### ရောင်းချမည်

အဆိုပါ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးပွဲတော်ကြီးတွင် အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း အမျိုးမျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံးပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ အီလက်ထရောနစ်နှင့် အဆင့်မြင့်နည်းပညာဆိုင်ရာပစ္စည်းအမျိုးမျိုး၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့်ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလယ်ယာသုံးပစ္စည်းအမျိုးမျိုးနှင့် အခြားသော အရည်အသွေးစံချိန်မီ ကုန်ပစ္စည်းများကို ပါဝင်ပြသ ရောင်းချကြမည်ဖြစ်သည်။

### တင်ဆက်မည်

ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူလူထုအား ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲများ၊ ဝတ်စားဆင်ယင်မှုပြပွဲများ တင်ဆက်သွားမည်ဖြစ်သည်။

### ဦးဦးဖျားဖျား

ထို့ပြင် အသစ်ထပ်မံထုတ် လုပ်လိုက်သော ကုန်ပစ္စည်းအသစ်များကိုလည်း လုပ်ငန်းရှင်ကြီးများမှနေ၍ မေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများဖြင့် ဦးဦးဖျားဖျား ပြသရောင်းချကြမည်ဖြစ်သည်။

### နွေးထွေးစွာဖိတ်ခေါ်

ပြပွဲကြီးကို Main-Sponsor Co-Sponsorအဖြစ် တာဝန်ယူသူများအား အထူးအခွင့်အရေးများပေးအပ်သွားမည်ဖြစ်ရာ လုပ်ငန်းရှင်များအား နွေးထွေးစွာ ဖိတ်ခေါ်လျက်ရှိသည်။

### ဆက်သွယ်စုံစမ်းနိုင်

မိမိတို့ အဆင့်မြင့် အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော လုပ်ငန်းရှင်များအနေဖြင့် Climax Business Group Co.,Ltd တိုက်(၆) အခန်း(၂၈) ပြည်ရိပ်မွန်အိမ်ရာ (၈)ရပ်ကွက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၂၄၇၉၀သို့ ဆက်သွယ် စုံစမ်းပြသနိုင်ကြောင်းသိရသည်။

(က–ပ)


ENGLISH (U.M.N)
Visa
Home Interview
GRAMMAR
708503, 286154

O.B.F Language School
SAYA-TONY
(shell)
IELTS/TOEFL/FCE
- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

ဆေးပင်
အကြောအားတိုးဆေး
မြန်မာတိုင်းရင်းဆေးမြစ်ပေါင်း
လေးဘက်နာ၊ လေငန်းလိမ်းဆေး

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုစစ်ဆေး နိုင်ငံတော်က ဆောင်ရွက်ပေးနေမှု ရှင်းလင်းပြောကြား

**အောင်လံ မေ ၂၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်သည် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အတူ မေ ၂၀ ရက်က မကွေးတိုင်း အောင်လံမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်သို့ သွားရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား စစ်ဆေး ကြည့်ရှုသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် မကွေးတိုင်း ညွှန်ကြားရေးမှူး ဦးစိုးတင့်တို့သည် အောင်လံမြို့နယ် မိုးကောင်းစံပြကျေးရွာသို့ ရောက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ကျေးလက်အိမ်ရာ တည်ဆောက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်က ကျေးလက်ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၂–၂၀၀၃ ခုနှစ်နှင့် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာချင်းဆက် ကျောက်ချောလမ်း ငါးမိုင်နှင့် မြေသားလမ်း ၁၀ မိုင် ၇ ဖာလုံတို့အား စစ်ဆေးကြည့်ရှုခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဝက္ကလေးကျေးရွာတွင် ဆောက်လုပ်ပြီးစီးသော ကျေးလက်အိမ်ရာ ၁၀ လုံးနှင့် ကျေးလက်ပြည်သူများ နေထိုင်နေမှုများအား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(က–ပ)**

## နှစ်(၁၀၀)ပြည့် ဝိနည်းစာပြန်ပွဲကျင်းပမည်

**မော်လမြိုင် မေ ၂၄**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူး၍ မော်လမြိုင်မြို့ မောင်ငံနယ်မြေရှိ မဟာမြိုင် ပရိယတ္တိစာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်(၁၀၀)ပြည့် ဝိနည်းရေးဖြေ အာဂုံပြန်စာပြန်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ လေးရက်တိုင်တိုင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ယင်းစာမေးပွဲသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သံဃာတော်အပါး ၈၀၀ တို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် နာယကဆရာတော်ကြီးများ၊ စာဖြေကြီးကြပ် ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူတို့သည် စာဖြေပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းနောင် ဖုန်း–၀၅၇–၂၂၃၅၇၊ စာရင်းစစ် ဦးစံတင် ဖုန်း–၀၅၇–၂၁၈၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၅၇)**

**ဧရာဝတီတိုင်း သာပေါင်းမြို့နယ်အတွင်း ကျေးရွာအုပ်စုများ၌ သက်ကြီးစာမတတ်သူပပျောက်ရေး စာသင်ဝိုင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က စစ်ကုန်းရွာ စာသင်ဝိုင်းတွင် လုပ်အားပေးကျောင်းသားတစ်ဦးက သင်ကြားပေးစဉ်။** (၁၆၅)

**မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များ မေ ၁၂ ရက်က မြင်းခြံ မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားစဉ်။**

(၁၁၄)

## နတ်အင်းကျေးရွာ၌ စက်ရေတွင်းဖွင့် ရေချိုရေသန့် တစ်နာရီဂါလန် ၈၀၀ ထွက်ရှိ

**ကန့်ဘလူ မေ ၂၆**

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ နှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ အရန်မီးသတ်၊ ကြက်ခြေနီစသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ထို့နောက် အမှုဆောင်အရာရှိက စက်ရေတွင်းနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် ကျေးရွာရေရရှိရေးကော်မတီမှ ဦးကျော်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ စက်ရေတွင်းမှာ တစ်နာရီ ရေချို၊ ရေသန့် ဂါလန် ၈၀၀ ထွက်ရှိရာ နတ်အင်းကျေးရွာအတွက် သောက်သုံးရေ ဖူလုံစွာ ရရှိပြီဖြစ်သည်။ ၎င်းစက်ရေတွင်းအားစည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၃၇၅၀၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ကုန်ကျငွေ ကျပ် ၈၇၅၀၀၀ ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(က–ပ)**

## စည်ပင်ညွှန်မှူး ကျေးလက်လမ်းများစစ်ဆေး

**ကျိုက်လတ် မေ ၂၅**

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သန့်ရှင်းသာယာရေး လုပ်ငန်းများ၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်း တူးဖော်ရှင်းလင်းခြင်းများနှင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သာယာဝဲ–အရှေ့ ဆင်ကူးလမ်း ကျောက်ချောခင်းခြင်းအတွက် မြေသားလမ်း ဆောင်ရွက်ထားမှုများကို မေ ၁၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဦးတို့က ရှင်းလင်းတင်ပြသည်။

အဆိုပါ သာယာဝဲ–အရှေ့ဆင်ကူးလမ်းမှာ မအူပင်–ကျိုက်လတ် ကားလမ်းနှင့် အရှေ့ဆင်ကူးကျေးရွာ ဆက်သွယ်သော ကျေးလက်လမ်းဖြစ်ပြီး ယင်းလမ်းပြီးစီးပါက ကျေးရွာ ၁၈ ရွာမှ ပြည်သူများသည် မအူပင်မြို့နှင့် ကျိုက်လတ်မြို့များသို့ အလွယ်တကူ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

**(မြို့နယ်စည်ပင်)**

## မြို့နယ်သတင်းများ

**သီပေါမြို့ နယ်စပ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် နမ့်ပြင်–တွန်ကြိုင်း ကျေးလက်မြေသားလမ်း လမ်းအူကြောင်းရာမှုအား မေ ၂၁ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။** (၂၄၇)

## ဆိတ်မွေးမြူရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး ကူးစက်ရောဂါအကြောင်း ပညာပေးဆွေးနွေး

**ကျွန်းလှ မေ ၁၂**

စစ်ကိုင်းတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမြင့်ဌေး၊ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းထိုက်၊ မြို့နယ်အတွင်းရေးမှူး ဦးလှမျိုး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာညွန့်သောင်းတို့သည် ဘက်စုံမွေးမြူရေးခြံအတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသည့် ဆိတ်မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အကူအညီပေးသည်။

ထို့နောက် ကျွန်းလှမြို့ပေါ်ရှိ ကြက်မွေးမြူရေးခြံများသို့ သွားရောက်ပြီး မွေးမြူရေးနည်းစနစ်များ၊ ကူးစက်ရောဂါများအကြောင်း ပညာပေးဆွေးနွေး သွားကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

**ရွှေဘို မေ ၁၅**

ရွှေဘိုမြို့ သခွတ္တောရပ်ကွက် အမကကျောင်း၌ မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲကျင်းပသည်။

**စောင့်ကြပ်ပေး**

ယင်းအထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ကျောင်းသူ၊ ကျောင်းသားများ ယှဉ်ပြိုင်ကြရာ ရွှေဘိုခရိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး ထိုပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ဆရာ၊ ဆရာမများက စောင့်ကြပ်ပေးကြသည်။

အလားတူ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲကို ရွှေဘိုမြို့ ဗိုလ်ကုန်းရပ် ဦးတင်ဝင်းကျောင်း၌ ကျင်းပကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မိုးစပါး ထွန်ယက်စိုက်ပျိုးမှု ကြိုတင်ပြင်ဆင်

**ကလေး မေ ၂၁**

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်၌ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးချိန် နီးကပ်လာခြင်းကြောင့်လည်းကောင်း၊ ကလေးဒေသ၌ မိုးဦးစတင်ရွာသွန်းလာခြင်းကြောင့်လည်းကောင်း၊ ကလေးမြို့နယ် ကျေးရွာအုပ်စု ၄၈ အုပ်စုတွင် မှီတင်းနေထိုင်ကြသော တောင်သူလယ်သမားကြီးများသည် လယ်ယာလုပ်ငန်းခွင်ဝင်ရန် လယ်ယာသုံးပစ္စည်းများကို ကြိုတင် ပြင်ဆင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **(၄၅၇)**

ရွှေပါရမီ အဆင့်မြင့်ဈေးသစ်ကြီး
ဖွင့်တော့မယ်တဲ့---
ငါသိပြီးပါပြီ။ ပါရမီလမ်းနဲ့ အင်းစိန်လမ်းထောင့်မှာလေ-
Indoor Carparking က အစီး(၁၀၀)စာ ရှိတာဆိုတော့ မိတွေ့င်းမှာတောင် ဈေးဝယ်သူတို့ အဆင်ပြေတယ်နော်-
စုစုပေါင်းဆိုးယား တော့ရန်းပေနန်ထိန်းကျယ်တာမို့ တစ်နေရာတည်းမှာ လိုချင်တာအကုန်ဝယ်လို့ရနိုင်တဲ့ Mall ကြီးပေါ့။
ဒါဆို-ဝယ်သူ ငှားသူတွေအတွက် အချက်အချာကျတဲ့ နေရာပဲ။
ဒါတင်ဘယ်ကမလဲ (၂၄)နာရီ ဖွင့်တဲ့ Non-Sleeping အဆင့်မြင့်ဈေးကြီး ဖြစ်လာနိုင်တယ်။
အေး- ငါတော့ သဘောကျရလို့ (၃)ခန်း ဝယ်ပြီးပြီ အခန်းတွေကို ငှားလို့လည်းရတယ်။ မင်းလည်း နောက်မကျစေနဲ့နော်။
(ပါရမီလမ်းမ နှင့် အင်းစိန်လမ်းထောင့်)
• (၂၄)သောက်စီး ဓါတ်လှေကား (၂)စီး၊ စက်လှေကား (၁)စီး၊ Indoor Car Parking၊ 18'ကျယ် လမ်းဆိုးယား၊ 250 KVA မီးစက် (၄)လုံး၊ Central Air Condition၊ အသွားအလာချောမွေ့သော ရေ-မီး-တယ်လီဖုန်းစနစ်၊ ပြည့်စုံသော အခန်းပြင်ဆင်မှု
• (6900)Sq.ft မှ (8250)Sq.ft ဆိုင်ခန်းကျယ်များ
• (400)Sq.ft မှ (840)Sq.ft ဆိုင်ခန်းတွဲများ
ငွေပေးချေမှုအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးသည်။
ဝါဝါဝင်း
အမှတ်(၁၀၇/၁၀၉)အနော်ရထာလမ်းနှင့်ရွှေဘုံသာလမ်းထောင့်ရန်ကုန်။
Ph : 250650, 09-500-7499, 09-80-22933, 09-99-26874, 09-50-15283, Fax: 250753
Email: W.W.W@mptmail.net.mm
Super Market, Department Store, Cyber Net Cafe, Game City, Kitchen Shop, Beauty Saloon, Food Centre
ရုပ်ရှင်ရုံ၊ စားသောက်ဆိုင် ဖွင့်လိုသူများ ဝယ်လို၊ ငှားရမ်း၊ အကျိုးတူပူးပေါင်းနိုင်သည်။

## ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးသိန်းထွန်း** (အင်ဂျင်နီယာမှူး၊ လမ်းအထူး-၆၊ နမ္မတီးမြို့၊ ကချင်ပြည်နယ်)နှင့် ချစ်မေမေ **ဒေါ်ငွေးငွေးရီ**တို့၏၃၁-၅-၂၀၀၄ရက်နေ့တွင်ကျရောက်သော (၃၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်သား၊ သမီး တို့နှင့်အတူ သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်---။

**ချစ်သားကြီး - မေဒေးမောင်(ခ)သစ်အောင်**
**ချစ်သားလတ် - ဇာနည်ထွန်း**
**ချစ်သမီးငယ် - ဆွေရည်ထွန်း။**

### ကနောင်အသင်း(ရန်ကုန်)ဖွဲ့စည်းခြင်း

ကနောင်အသင်း(ရန်ကုန်)ဖွဲ့စည်းခွင့်ပြုချက်ရရှိပြီးဖြစ်ပါဖြင့် ရန်ကုန်ရောက် ကနောင်နယ်သူနယ်သားများ အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

၁။ဦးစိုးထွေး(ဥက္ကဋ္ဌ)-၂၄၊ စိမ်းမြသာယာလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံ၊ ဖုန်း-၂၅၀၃၂၈။
၂။ဦးတင်ဝင်း-ဒု-ဥက္ကဋ္ဌ ၁၆၀/၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၂၂၁၃၇၄(ရုံး)၊ ၂၉၂၂၁၃(အိမ်)။
၃။ဦးချစ်ထွေး-(အတွင်းရေးမှူး) ၂၁၅/၃၂လမ်း၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်း၊ ဖုန်း-၂၈၅၁၂၉။
၄။ဒေါ်စိန်သန်း-၁၃၄၃၊ ကြာပဒုမ္မာလမ်း၊ (၄၁)ရပ်ကွက်၊ မ/ဒဂုံ၊ ဖုန်း-၂၉၄၂၅၀၊ ၅၈၀၇၈၈။
၅။ဒေါ်ကြည်ကြည်ထွေး-ရွှေဆိုင်၊ ခရမ်း၊ ဖုန်း-၃၉၀၂၇၈၊ ၁၃၉၁၂၇။

### အမှတ်(၁)စက်မှုဝန်ကြီးဌာန
### စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
### လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန
### သင်တန်းသားခေါ်ယူခြင်း

လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းကို ၇-၆-၂၀၀၄ရက်နေ့မှစ၍ ရက်သတ္တ(၆)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပါသည်။ အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ပြီးသူများသည် သင်တန်းတက်ရောက်လိုပါက အောက်ပါဌာနသို့ ဆက်သွယ်စုံစမ်း၍ ၄-၆-၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး လျှောက်လွှာတင်သွင်းကြရန် ကြေညာအပ်ပါသည်။

**လျှပ်စစ်စစ်ဆေးရေးဌာန**
**အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၆၆၃၇၅၇၊ ၆၆၃၇၅၃။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
## ကြော်ငြာစာအမှတ် - ၂၂/၂၀၀၄
## (၂၀၀၄ခုနှစ်၊ မေလ ၂၅ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်-

| ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| လက်ထောက်မန်နေဂျာ | ဝါဏိဇ္ဇဘွဲ့(သို့မဟုတ်)<br>စီးပွားရေးပညာဘွဲ့(စာရင်းအင်း)<br>(သို့မဟုတ်)<br>စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) | ၇နေရာ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၂-၆-၂၀၀၄နေ့တွင် အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂-၆-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။
၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။
၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။
၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂-၆-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။
၇။ ၁၀-၇-၂၀၀၄နေ့နှင့် ၁၁-၇-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၈-၇-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။
၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

### မွေးနေ့ဆုမွန် (၃၁-၅-၂၀၀၄)

အချစ်ဆုံးသူငယ်ချင်း **မိုးစန္ဒီအေး**ရဲ့ (၂၅)နှစ်မြောက် မွေးနေ့မှသည် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို ထာဝရ ပိုင်ဆိုင်နိုင်ပါစေ---။

**ယဉ်စု။**

SILTA
Skills-Integrated Learning & Teaching Academy

**Pre-school** (Age 3 ~ 5)
**Weekend Classes** (Age 5 ~ 15)

**Enroll Now!**

*No. 220 - 222, Botahtaung Pagoda Rd. Pazundaung T/S. Yangon.*
*Tel: (01) 294397 E-mail: silta@mptmail.net.mm*

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
## ကြော်ငြာစာအမှတ် - ၂၃/၂၀၀၄
## (၂၀၀၄ခုနှစ်၊ မေလ ၂၅ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနအောက်ရှိအောက်ဖော်ပြပါရုံးချုပ်နှင့်ဒီဂရီကောလိပ်များတွင် လစ်လပ်လျက်ရှိသော ရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်-

| ဌာန | ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|---|
| (က) အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ရုံးချုပ် | ဌာနခွဲမှူး (ကွန်ပျူတာ) | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (သို့မဟုတ်) မဟာကွန်ပျူတာနည်းပညာဘွဲ့ | ၁နေရာ |
| (ခ) ဗန်းမော်ဒီဂရီကောလိပ်၊ | ဌာနခွဲမှူး (ဘဏ္ဍာ) | ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ | ၁နေရာ |
| မြင်းခြံဒီဂရီကောလိပ်၊ | | | ၁နေရာ |
| မိုးညှင်းဒီဂရီကောလိပ် | | | ၁နေရာ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၂-၆-၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂-၆-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။
၄။ ဌာနခွဲမှူး(ဘဏ္ဍာ)ရာထူးအတွက် ဒီဂရီကောလိပ်တစ်ခုထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ဝင်ကြေးငွေ ၅၀/- ကို သီးခြားပေးသွင်းပြီး တက္ကသိုလ်အလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။
၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။
၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။
၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂-၆-၂၀၀၄နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။
၈။ ၁၀-၇-၂၀၀၄နေ့နှင့် ၁၁-၇-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၈-၇-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။
၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



CAR RENTAL
အိမ်မြဲ/အမြဲတိုက်ရန်ကားများ
[illegible]

အလိုရှိသည်
( မြည်တွင်ရှိ သာခန့်ထားရန် )
**Teacher - fluent in English**
Ph - 662970, 663820
( အလုပ်သမားမှတ်ပုံတင်မိတ္တူ ယူဆောင်လာရမည်။ )

[illegible]

တိုက်ခန်းရောင်းမည်
[illegible]
ဆက်သွယ်ရန် ☎ - 212767, 09-80-32279

စိန်ဘဏ္ဍာ
အဆင်ရုံအနုရွှေဆိုင်
[illegible]

NPE NPE
[illegible]

နာရီဆိုလျှင်.............. ချယ်ရီဦး မှ
၂၀၀၄–ခုနှစ်ကျောင်းဖွင့်အခါ
သားသားမီးမီးတို့အတွက်သတင်းကောင်း

သားသားမီးမီးတို့အတွက် နာရီလေး
ကျောင်းဖွင့်အခါ အမြန်မနေး
ချယ်ရီဦးမှာ လာလို့ရွေး။
သားသားမီးမီးတို့အတွက် လှပတဲ့ ဒီဇိုင်းစုံနာရီအမျိုးမျိုးကို
အထူး Discount ဈေးနှုန်းနဲ့ရောင်းချပေးနေပါပြီ။

အရောင်းပြခန်း(၁)၊ [illegible]
အရောင်းပြခန်း(၂)၊ [illegible]
အရောင်းပြခန်း(၃)၊ [illegible]
အရောင်းပြခန်း(၄)၊ [illegible]
အရောင်းပြခန်း(၅)၊ [illegible]
အရောင်းပြခန်း(၆) Excel Shopping Mall, Room, OM-03. [illegible]
[illegible]
BLAZON Shopping Centre, Yangon/ Mandalay.

CONGRATULATIONS !
(၃၀–၅–၂၀၀၄)နေ့တွင် ရွှေကျွန်းအိမ်ယာအပိုင်း(၁)စီမံကိန်း အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအား ဂုဏ်ပြုကြိုဆိုပါသည်။

- ဦး[illegible](ဥက္ကဋ္ဌ) [illegible]ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](M.D) ACE ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](M.D) [illegible]ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](M.D) Zaykabar Engineering & Construction Co.
- ဦး[illegible](M.D) A.1 ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](M.D) FMI Garden Development Co.,Ltd.
- ဦး[illegible](M.D) [illegible]ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](ဥက္ကဋ္ဌ) [illegible]ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](M.D) [illegible]ဆောက်လုပ်ရေးကုမ္ပဏီ
- ဦး[illegible](ဥက္ကဋ္ဌ) Maykalar Development Co.
- ဦး[illegible](ဥက္ကဋ္ဌ) Naing Group Construction Co.,Ltd.
- ဦး[illegible](M.D) Shine Construction Co.,Ltd.
- ဦး[illegible](ဥက္ကဋ္ဌ) Asia Winner IND.,Ltd.
- ဦး[illegible](M.D) Golden New Generation Construction Co.
- ဦး[illegible](M.D) Super Home Construction Co.

ပလာစတာစကော်နစ် နှင့် ဂျစ်ဆမ်(ဘုတ်)ကို နှစ်သက်သူမိတ်ဆွေများအတွက် သတင်းကောင်း
**MOTHER LAND** CONSTRUCTION & HOME DECORATION
[illegible] Mother Land Home Decoration မှ Plaster Cornices နှင့် Gypsum Board များကို [illegible]
Plaster Cornice များကိုလည်း [illegible]
ဆက်သွယ်ရန်လိပ်စာ - အမှတ်(၄၅၃) [illegible] ရန်ကုန်မြို့။ ☎ Ph: 01-245029, 01-248912, Fax: 95-1-204058

ကားမီးလုံးငှားသည်။
Ruby ☎ 725317, 650623
[illegible] (24 hours)

စားပွဲနှင့်ကုလားထိုင်များ
ငှားရန်
အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။
၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

**ဦးထွန်းလှ(ခ)ဦးဘာဘူ**
**အသက်(၇၉)နှစ်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊**
**ဗဟိုပုံနှိပ်တိုက်**

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးပိုက်–ဒေါ်ငွေရင်)တို့၏သား၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးခင်မောင်လတ် (ဒု–ညွှန်မှူး၊ ရေအားလျှပ်စစ်ဦးစီးဌာန)၊ (ဦးသိန်းလှိုင်)–ဒေါ်အေးအေးမြင့်၊ ဦးမြင့်သိန်း (မြန်မာ့ရေလုပ်ငန်း၊ ငြိမ်း)–ဒေါ်မြင့်မြင့်သိန်း၊ ဦးခင်မောင်ကြည် (New Light of Myanmar)၊ ဦးအောင်ကျော်ထွန်း(ဆ–လ–က)–ဒေါ်ခင်လှဝေ (မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်အေးအေးသိန်း(အထပြ၊ ထ–၄၊ တာမွေ)၊ ဦးရဲအောင်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၉–၅–၂၀၀၄ရက် (စနေနေ့) နံနက်(၇)နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၃၁–၅–၂၀၀၄ရက် မွန်းလွဲ(၁)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ ၁၁း၃၀နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
## ဒေါ်ကျင်ငြိမ်း (၈၆)နှစ်
(ဆကာကြီး)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဈေး(၁၆)လမ်း၊ အမှတ်(၇၅၃)နေ (ဦးစစ်ဖိုး-ဒေါ်ထား)တို့၏ သမီး၊ [ဦးစိုးအောင်(ခ)ဦးဘဘွား]၏ ဇနီး၊ ဒေါ်ကျင်ကြည်၏ အစ်မ၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးစန်းဝင်း(ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မန္တလေး)-ဒေါ်သန်းသန်းလှ၊ (ဦးတင်လှ-ဒေါ်မြင့်မြင့်သိန်း)တို့၏ မွေးသမိခင်၊ ကိုကျော်စိုးဝင်း-မအေးမြတ်မြတ်မိုးစံ၊ ကိုလှဝင်း-မမြစန္ဒာ၊ ကိုတင်ထွန်းအောင်တို့၏ အဘွား၊ မရွှေရည်ဝင်းလဲ့ဝါ(ခ)သက်လုံးပုံ၊ မောင်သီဟကျော်၊ မောင်ဝဏ္ဏကျော်၊ မောင်ဝင်းထွန်းကျော်တို့၏ ဘွားဘွားကြီး၊ ဒေါ်ကျင်ငြိမ်းသည် ၂၉-၅-၂၀၀၄ (စနေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ရှီးသောက်ယုံ(ခ)ဦးတော့ရင်
## အသက် (၆၉)နှစ်
အင်းဝမုန့်တိုက်၊ (ပုဂံ-ညောင်ဦး)

မန္တလေးမြို့နေ(ဦးခိုက်တင်)-ဒေါ်စိန်စိန်တို့၏သားသမက်၊ညောင်ဦးမြို့၊ လမ်းမတော်နေ ဒေါ်သီး(ခ)ဒေါ်တင်တင်၏ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးဦး၊ မလှိုင်လှိုင်မိုး၊ မဇင်မာလွင်၊ မောင်ကျော်ကျော်လင်းတို့၏မွေးသဖခင်သည် ၂၉-၅-၂၀၀၄(စနေနေ့)ည ၉နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်(၃၉)တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှ ကားများ နံနက်၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ရှီးသောက်ယုံ(ခ)ဦးတော့ရင်
## အသက်(၆၉)နှစ်
အင်းဝမုန့်တိုက်၊ (ပုဂံ-ညောင်ဦး)

မန္တလေးမြို့နေ(ဦးခိုက်တင်)-ဒေါ်စိန်စိန်တို့၏သားသမက်၊ မိုးကုတ်မြို့နေ ဦးမြအေး-ဒေါ်မိဝှာ၊ ရွှေဘိုမြို့နေ ဦးကျော်မင်း-ဒေါ်မိအင်း၊ တမူးမြို့ ဦးမြင့်စိန်-ဒေါ်ခင်ခင်အေး၊ မန္တလေးမြို့နေ ဒေါ်ကြူကြူမွေး၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်မြင့်မြင့်မူတို့၏အစ်ကို၊ ညောင်ဦးမြို့၊ လမ်းမတော်နေ ဒေါ်သီး(ခ)ဒေါ်တင်တင်၏ ချစ်လှစွာသောခင်ပွန်း ရှီးသောက်ယုံ(ခ)ဦးတော့ရင်သည် ၂၉-၅-၂၀၀၄(စနေနေ့) ည၉နာရီတွင် ဗဟိုစည်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုလ်ပါ မည်။ [အမှတ်(၃၉)တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှ ကားများ နံနက်၉ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

## မောင်ဇော်ထက်(ခ)ဘိုဘို
## အသက်(၂၁)နှစ်

ဦးအောင်မြင့်-ဒေါ်ခင်ခင်အေး၊ ဦးတင်ကြီး-ဒေါ်တင်တင်တို့၏ မြေး၊ ရန်ကုန်မြို့၊ အခန်း(၃-ဒီ)၊ (၂၃၆)၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်မှူးမြင့်မောင် (ငြိမ်း)-ဒေါက်တာတင်ညိုညိုလတ်တို့၏သားကြီး၊မကေခိုင်ဇော်၊ မောင်ကျော်ကိုလင်းတို့၏ အစ်ကိုကြီး မောင်ဇော်ထက်(ခ)ဘိုဘိုသည် ၂၉-၅-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်တင်နု(၆၉)နှစ်
မအူပင်/မလက်တို

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ်(၃၅၀)နေ (ဦးဘိုးမှန်-ဒေါ်လှမင်း)တို့၏သမီး၊ ဦးတင်အောင်(ခ)ဦးကျော်စိုး၏ဇနီး၊ (ဦးကျော်စိုး)-ဒေါ်ခင်ဆွေတို့၏အစ်မ၊ ကိုခိုင်ကျော်လွင်၊ ကိုမြင့်စိုး-မပြုံးသီတာ (ကိုခိုင်မြင့်လွင်)၊ ကိုခိုင်တင့်လွင်-မစန္ဒာကြည် (တောင်ငူတက္ကသိုလ်)၊ ကိုခိုင်စိုးလွင်-မလဲ့လဲ့ဝင်း၊(ကိုခိုင်သက်လွင်)၊ မသူသူလွင်တို့၏ မိခင်၊ မောင်သန့်စင်စန်း၊ မောင်ဝင်း မင်းကောင်း၊ မသိမ့်သဇ္ဇာစိုး၊ မဆုပြည့်ပြည့်လွင်တို့၏ အဘွားသည် ၂၉-၅-၂၀၀၄ရက် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့)နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ကျုံးကြီးလမ်းနေအိမ်မှကားများနံနက်၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးဆန်းမင်းအောင်
## အသက်(၃၄)နှစ်
ဆင်မင်းကုန်မျိုးစုံလုပ်ငန်း၊ (မုံရွာ)

မုံရွာမြို့နေ(စာတိုက်မှူးဦးစံဦး-ဆရာမ ဒေါ်လှညွန့်)၊ ဦးအောင်စိန်-ဒေါ်လုံးတင်တို့၏မြေး၊ ဦးမင်းမြင့်-ဒေါ်စန်းစန်းဦး (နှင်းဆီစတိုး)၏ သားငယ်၊ (ဦးသိန်း)-ဒေါ်သိန်းမြတို့၏သားသမက်၊ မကုလားမ(ခ)မစန်းစန်းတင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကိုကြီး (နိုင်ငံခြားရေးဝန်ကြီးရုံး-ငြိမ်း)-ဒေါ်သန်းသန်းဦး(ဆရာမ၊ငြိမ်း)၊ဦးဝါယမ (ဦးဝင်းဖေ)-ဒေါ်မြင့်မြင့်၊ ဦးသန်းမြင့်-ဒေါ်မြင့်မြင့်ဦး၊ ဦးကျော်တင့်(ဒါရိုက်တာ-A1 ဆောက်လုပ်ရေး)-ဒေါ်ခင်တီဦး၊ ဦးခင်မောင်လတ် - ဒေါ်ခင်သက်ညွန့် (ချောကလျာစတိုး)၊ ဦးမောင်မောင် (ပြန်ကြားရေးအရာရှိ၊လျှပ်စစ်စွမ်းအား)-ဒေါ်ဆွေဆွေ(ဆို-ဗီဒီယို)၊ ဒေါ်ခင်လေးဦး(စစစ)၊ ဦးမင်းသိန်း-ဒေါ်မော်လီဦး၊ ဦးမျိုးတင့်-ဒေါ်ကြွယ်ကြွယ်ဦး၊ ဒေါ်နီ (လ/ထ-ညွှန်မှူး-စီမံကိန်းရုံး၊မုံရွာ)တို့၏ တူ၊ ဦးဆန်းမင်းအောင်သည် ၂၅-၅-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၇-၅-၂၀၀၄(ကြာသပတေးနေ့)တွင် မုံရွာမြို့ ဆားကျင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောဂျွန်ဘော့ (၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၈၆)နေ (ဦးဘော့-ဒေါ်ပွေး)တို့၏ သား၊ ဒေါ်ကြွေ၏ခင်ပွန်း၊ ဒေါ်မာဂရက်ဘော့၊ ဒေါ်အဲလ်လိဇဘက်ဘော့တို့၏ မောင်၊ ဂျက်ဘော့၊ မိုးဇက်ဘော့၊ ဒေါ်ဗစ်တိုးရီးယားဘော့တို့၏ အစ်ကို၊ (ဦးမိုးညို)-ဒေါ်လေးမေ၊ ဦးမောင်မောင်-ဒေါ်ပြုံး၊ဦးထွန်းစိန်-(ဒေါ်ခင်စီ)၊ ဦးစီဦး-ဒေါ်အဲလိဇဘက်တို့၏အစ်ကို၊ (ရှော့ဘတ်ဇော်ဝင်း)၊ ဦးအဲလ်ဘတ်ဇော်မင်း (LLB. PMG 2nd Class GMDSS GOC(UK) MPA, MD-Star Trader Co., Ltd.) - ဒေါ်နန်းဟေမာမိုး(B.E. Electronics) အလုပ်ရုံခွဲမှူး(အငြိမ်းစား) တပ်မတော်အထည်နှင့် ချည်မျှင်စက်ရုံ၊ မိုက်ကယ်ဇော်နိုင်-ဒေါ်မာလာသိန်းထူးတို့၏ ဖခင်၊ မောင်အောင်မျိုးသန့်၏ အဘိုးသည် ၂၈-၅-၂၀၀၄ (သောကြာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၆-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သင်္ချိုင်း၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနှင့် ကုမ္ပဏီမှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ကိုအောင်ဌေး (၃၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီး၊ အမှတ်(၈၅)နေ ဦးကံသိန်း(AEကျောက်ထုတ် သိမ်ဇရပ်) ခွန်တိန်းကျောက်ထုတ်ဦးစီး-ဒေါ်တင်တင်အုန်းတို့၏ သားသမက်၊ သာကေတမြို့နယ်(၃)ရပ်ကွက် ရန်ပြေ(၁၁)လမ်း၊ အမှတ်(၁၅)နေ (ဦးကျော်)-ဒေါ်စိုးမြတို့၏သား၊ မတင်နုနုသိန်း၏ခင်ပွန်း၊ မောင်နိုင်လင်း(IV-B၊ အထက-၂၊ ဒဂုံ)၊ မောင်ဂျူးတို့၏ဖခင်၊ မသန်း သန်းဝင်း၊ ကိုစိုးဝင်း-မမြင့်မြင့်သိန်း၊ ကိုမင်းအောင်တို့ ၏ညီ/မောင်၊ ကိုခင်မောင်ဝင်း-မရူပမာလာ၊ကိုအောင်ကျော်စိုး၊ ကိုကျော်မိုးနိုင်-မစန်းစန်းဝင်း၊ မရူပစန္ဒာတို့၏ အကိုသည် ၃၀-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဟသ်ာတအသင်း
## ဒေါ်ခင်သန်း အသက်(၉၀)
(ဟသ်ာတ)

ရန်ကုန်မြို့၊ အမှတ်(၁၇၅)၊ ဆိပ်ကမ်းသာလမ်း၊ (မြေညီထပ်)နေ ဦးကျော်စိန်၏ ဇနီး၊ ဟသ်ာတအသင်း ရာသက်ပန်အသင်းဝင် ဒေါ်ခင်သန်းသည် ၂၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်အေးကြည် (၈၄)နှစ်
(မန္တလေး)

မန္တလေးမြို့နေ (ဦးချစ်ဦး-ဒေါ်ထွေး)တို့၏သမီး၊ မုံရွာမြို့နေ (ဦးချစ်ဆွေ၊ အငြိမ်းစားဗိုလ်ကြီး၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ မော်ကွန်းဝင်ပထမဆင့်)၏ ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်ဒေါ်ဉ၊ ဦးလှမြင့်-ဒေါ်ခင်မေသန်း၊ ဦးကိုကိုကြီး-ဒေါ်စိန်စိန်တို့၏ အစ်မကြီး၊ မန္တလေးမြို့နေ ဦးတင့်ဆွေ - ဒေါ်ကြူကြူဆွေ၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(A-1)၊ အခန်း(၁၅)၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာနေ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဆွေတို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၉-၅-၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးထွန်းလှ(ခ) ဦးဘာဘူ
## အသက်(၇၉)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုပုံနှိပ်တိုက်

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ(ဦးပိုက်-ဒေါ်ငွေရင်)တို့၏သား၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးနိုင်ဝင်း-ဒေါ်အေးပုလဲလှိုင်(ACE Data System)၊ မမြင့်သိင်္ဂီနွယ်[M.Sc(Maths)1st Year ဒဂုံတက္ကသိုလ်]၊ မစုမြတ်နန္ဒာလှိုင်(2nd M.B.,B.S, IM II)၊ မောင်ဥက္ကာကျော်(2nd Year Physics၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မသင်းနန္ဒာအောင်(VIII-D၊ ထ-၂၊ စမ်းချောင်း)၊ မောင်မင်းသီဟထွန်း (II-D၊ ထ-၄၊ အလုံ)တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ၁၁း၃၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမြေးမြစ်များ။

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စိန်(၆၃)နှစ်

မော်လမြိုင်မြို့၊ သိမ်ကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၅၄၁/ဘီ)နေ ဦးအီကင်း၏ ချစ်လှစွာသောဇနီး၊ ကိုမြင့်ဦး-မစုစုလှိုင်၊ မအေးအေးမော်၊ ကိုဝင်းသန်း-မခိုင်ခိုင်ဝင်း၊ မခင်မြင့်မော်၊ မလဲ့လဲ့ဝင်းရီတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၄ယောက်တို့၏ အဘွားသည် ၃၀-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ဝဲကလာ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၀၄(သောကြာနေ့) နံနက်၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

## ဒေါ်လှလှ(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုနီ-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးဖေတင်-ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၈)၊အာဇာနည်လမ်း၊ ဆရာစံမြောက်၊အနောက်ရပ်ကွက်နေဦးမောင်မောင်ကြည်၏ ဇနီး၊ ဦးသိန်းဆွေ (အောင်သူရိန်ဆောက်လုပ်ရေး) - ဒေါ်လွင်လွင်မော်[အလက-၂၊ ဗဟန်း (ငြိမ်း)]၊ ဦးစိန်လွင်-ဒေါ်စုစုမော် (ကကငွေ-ငြိမ်း)၊ ဦးဝင်းလွင်ဦး၊ ဒေါ်စန္ဒာမော်(ရှီးမဘဏ်၊ မြေနီကုန်း)၊ ကိုသန်းထိုက်(ခ)တရုတ်ကြီးတို့၏မိခင်၊ မြေး၄ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန် ပါ၍ ၁-၆-၂၀၀၄(အင်္ဂါနေ့)ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်သန်းသန်း(၈၈)နှစ်
(ကေရီသန်းသန်း)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ်(၂၀) ရတနာလမ်း၊မြေနီကုန်း(တောင်)ရပ်ကွက်နေ(ဦးသာဓံ)၏ဇနီး၊ (ဦးဝင်းနိုင်၊ ပြည်တွင်းဖြစ် ကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေးကြီး)-ဒေါ်မြမြဝေ၊ ဗိုလ်မှူးဉာဏ်ဝင်း(ငြိမ်း)-ဒေါ်ဝင်းဝင်း (အန်တီဝင်း ဘုရင့်နောင်ဈေးကြီး)၊ ကေရီဦးရဲဝင်း-ဒေါ်ခင်မြင့်မြင့်၊ ဦးသန်းထွဋ်-ဒေါ်မိမိနိုင်(ပထသ)၊ ဗိုလ်ကြီးသောင်းထိုက်(ငြိမ်း)-ဒေါ်ညွန့်သောင်း၊ ဦးမြမောင်-ဒေါ်တင်လှိုင်(တောင်ကြီး)တို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၅-၂၀၀၄ရက်တွင်ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။[၅-၆-၂၀၀၄ (စနေနေ့)နံနက်၇နာရီမှ ၉နာရီအထိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၀၊ ရတနာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

## ဒေါ်ကင်တီ (၈၆)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊အမှတ်(၃၄)၊ဒိုင်းဝန်ကွင်း၊ တရုတ်တန်းနေ (ဦးခွေရော်-ဒေါ်ပန်းရင်)တို့၏သမီး၊[တန်ဟိန်ချွန်း(ခ) ဦးကောက်ကွေး]၏ဇနီး၊(ဒေါ်ခွေး)၊(ဦးပါ)၊(ဒေါ်ကျင်အေး)တို့၏ ညီမ၊ (ဒေါ်ကွန်ဘို့)၊ (ဦးအီးပွန်)တို့၏ အစ်မ၊ ဦးအုံးစိန်(စက်မှု/လယ်ယာ-ငြိမ်း)-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးစိန်ဟုတ်)-ဒေါ်စန်းစန်းဝင်း၊ ဦးတင်ထွန်း-(ဒေါ်ရင်ကြည်)တို့၏ မွေးသမိခင်၊ ဒေါ်မိုးမိုးအေး၊ ဒေါက်တာနီနီအေး၊ ဦးစိုးမြင့်အေး၊ မောင်အောင်စိုးမိုး၊ ဦးကျော်ကျော်ရှိန်၊ ဒေါ်ခင်ပပ၊ ဒေါ်ဖြူဖြူဝင်း-ဦးအေးအောင်ညွန့်၊ မသူသူအေး၊ မပြည့်ပြည့်ငြိမ်း၊ မောင်ဟန်ဝင်းကျော်၊ မအိဖြိုးစံတို့၏အဘွားသည် ၃၀-၅-၂၀၀၄ ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်၆၂၊ ၁၃ လမ်း၊ လမ်းမတော် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်သောင်း
## အသက်(၇၁)နှစ်
(ရွှေကျေးမှန်ဖြန့်ချိရေး၊ မန္တလေး)

မန္တလေးမြို့၊ ဘုရားကြီးအရှေ့မုခ်၊ (၈၁x၄၅)လမ်းထောင့်နေ ဦးနိုင်-ဒေါ်မာမာမြင့်၊ ရန်ကုန်မြို့နေ ဦးသန်းစိန်-ဒေါ်မာမာတင့် (Europa Int'l Education Academy)၊ မန္တလေးမြို့နေဦးခင်မောင်ကြည်-ဒေါ်မာမာအေး(တိုင်းကြည်စတိုး)၊ ဦးကိုကိုနိုင်-ဒေါ်ခင်စန်းဝေ (အေဝမ်း မှန်လုပ်ငန်း)၊ ဦးခင်မောင်ဆွေ-ဒေါ်သင်းသင်း သောင်း၊ ဦးအောင်ခိုင်-ဒေါ်မာမာဌေး (ဒေါ်ဘိုမ)၊ ဦးစိန်မောင်း-(ဒေါ်မင်းမင်းသောင်း)၊ ဦးမြင့်ဦး - ဒေါ်မိုးမိုးသောင်းတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေး၊ မြစ်၂၄ယောက်တို့၏အဘွား၊ မန္တလေးမြို့၊(၈၁x၄၅) လမ်းထောင့်၊ အမှတ်(၇၅၃)နေ(ဦးသောင်း၊ ရွှေကျေးမှန်ဖြန့်ချိရေး)၏ဇနီး ဒေါ်ကြည်ကြည်သောင်းသည် ၃၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁-၆-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးမြင့်သိန်း(ခ)ဦးဘာဘူ
B.Sc,B.Ed
## အသက်(၆၈)နှစ်
အထက(၆)၊ (အငြိမ်းစား)
(မော်လမြိုင်)

မော်လမြိုင်မြို့၊ အရေးပိုင်ကုန်းလမ်း အမှတ်(၁၇)နေ (ဦးမူနီဆွာမိ-ဒေါ်ဂန်ဂါဒေဝီ)တို့၏ သား၊ (ဦးPR ရာဂျူး-ဒေါ်အာသီလက်ချမီး)တို့၏ သားသမက်၊ ဒေါ်ကာမလာ(ခ)ဒေါ်မာလာ၏ခင်ပွန်း၊ (ဦးအောင်ခင်-ဒေါ်စန်းမြင့်)၊ ဒေါ်ရာသား၊ဦးချစ်ခင်-ဒေါ်လက်ချမီး၊ ဒေါ်ဒေဝီခင်မြင့်၊ (ဦးခင်မောင်)-ဒေါ်လှကြည်၊ ဦးမောင်မောင်-ဒေါ်စိန်စိန်တို့၏အစ်ကို၊ ဦးခင်မောင်စန်း-Dr. နုနုမိုး၊ ဦးတင်မောင်ဟန်-မဖြူဖြူ၊ ဆူရေ(ခ)ဦးတင်ရွှေ-ဒေါ်ယုယုမိုး(ခ)ဒေါ်လီ၊ အောင်မြင့်သူတို့၏ဦးလေး၊ ဦးစိုးနိုင်-မရာနီ၊ မစန္ဒာသိန်း၊ မောင်မြင့်အေး၊ မသန္တာသိန်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ဟိန္ဒူဘာသာဓလေ့ထုံးစံအရ ၃၁-၅-၂၀၀၄(တနင်္လာနေ့) ညနေ၃နာရီတွင် နေအိမ်မှ ဟိန္ဒူပုဟန္ဒရားသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးကျော်ငြိမ်း (၇၄)နှစ်
(ရေကျော်)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၅၀)၊မာန်ပြေ(၁၉)လမ်းအရှေ့(၃)ရပ်ကွက်နေ ဦးထင်ကျော်-ဒေါ်သန်းရင်တို့၏သား၊ ဒေါ်ခင်သန်း၏ ခင်ပွန်း၊ ဦးလှမျိုး-ဒေါ်ခင်ပြုံးရီ၊ ဦးခင်မျိုး-မညိုညိုအေး၊ (ကိုကြည်စိုး)-မခင်အေးအေးငြိမ်း၊ ဦးတင်ရှိန်-မလဲ့လဲ့ ဝင်း၊ ဦးဇော်မြင့်ဦး-မသူဇာမေ၊ မောင်မျိုးလှိုင်ဝင်း၊ မောင်ထွန်းဇော်မျိုးတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏ အဘိုးသည် ၃၀-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁-၆-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်တင်အောင် (၄၉)နှစ်
(B.Com)
စာရင်းစစ်(ငြိမ်း) မြစ်သားမြို့

မော်လူးမြို့၊ အုန်းဒုတ်ရပ်နေ၊ ဦးဘမောင်-ဒေါ်လှကြီးတို့၏သမီး၊ ရန်ကုန်မြို့နေ ဦးချစ်လှိုင်-ဒေါ်လှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊အမှတ်(၁၃)(ပ-ထပ်)၊ဗိုလ်ဗထူးလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးအေးကြူ(မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မအူပင်)၏ချစ်လှစွာသောဇနီး၊ မော်လူးမြို့နေ ဦးအောင်မောင်း-ဒေါ်ဝင်းကြည်၊ ဦးအောင်ချစ်-ဒေါ်ပဲရွှေ၊ဒေါ်ကြည်အောင်တို့၏ညီမ၊ မောင်စည်သူအောင် (G.T.C မအူပင်)၊ မောင်ကျော်စွာလင်း (အထက-၁၊မြစ်သား)တို့၏ မိခင်သည် ၃၀-၅-၂၀၀၄ရက်တွင်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁-၆-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင်ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမြင့်အောင်(၄၃)နှစ်
CDC -25482 Fitter
Hanseatic Shipping Ltd

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးထွန်းအေး - ဒေါ်သန်းသန်း)တို့၏ သားငယ်၊ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးကြည်အောင်-ဒေါ်တင်မြတို့၏ သားသမက်၊ဆိပ်ကမ်းမြို့နယ်နေ ဦးထွန်းအောင်-ဒေါ်စမ်းယဉ်၊ ဦးလှညွန့် (Hub Line)တို့၏ ညီငယ်၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မြို့သစ်(၁)လမ်း၊ အမှတ်(၁၈)နေ ဒေါ်ဖြူဖြူအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သန်းထိုက်အောင် (ရေကြောင်းပညာတက္ကသိုလ်)၊မောင်ဥက္ကာအောင်(အထက-၆၊ဗိုလ်တထောင်)တို့၏ ဖခင်သည် ၃၀-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန် ပါ၍၁-၆-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးမျိုးဟန် (၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၁၉၁)၊ မြေတိုင်းလမ်း၊ (၄၅) ရပ်ကွက်နေ ဦးတင်ရွှေ(လ/ထ စာကြည့်တိုက်မှူး၊ တပ်မတော်မော်ကွန်းတိုက်၊ငြိမ်း) - ဒေါ်ညွန့်ညွန့်ရီ(ဌာနခွဲစာရေးကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ငြိမ်း)တို့၏သား၊ ဦးဝေမျိုးခိုင် (ဥက္ကဋ္ဌ၊ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)-ဒေါ်ဌေးဌေးဝင်း(ထွေ/အုပ်)၊ (ဦးဇော်လင်းအောင်)-ဒေါ်ခင်လှဝေ (J.A.T အလက-၂၊ တောင်ဒဂုံ)၊ (ဦးမျိုးသန့်)တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းကြည်၏ ခင်ပွန်း၊ ဒေါ်သင်းသင်းအောင် (မြန်မာ့စိုက်ပျိုးရေး)၊ ဒေါ်မွန်မွန်အောင် (နည်းပြ၊ သဃ်္ဃန်းကျွန်း ပညာရေးကောလိပ်)၊ ဒေါ်ရီရီရွှေ(နည်းပြ၊သမိုင်းဌာန၊ ထားဝယ်တက္ကသိုလ်)၊ (မောင်တင်ထွဋ်နိုင်)တို့၏ အစ်ကို၊ မမိုးသက်ထွဋ်နိုင်(အဋ္ဌမတန်း-က၊ အလက-၂၊ မြောက်ဒဂုံ)၏ဖခင်သည် ၂၉-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄(တနင်္လာနေ့) နံနက်၁၀နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဗိုလ်ကြီးထွန်းဇော်လတ်(၃၂)နှစ်
တ၀ဇ(၂၁)

တောင်ကြီးမြို့နယ်၊ စဉ့်ဟယ်ကျေးရွာနေ (တပ်ကြပ်ကြီးစာရေးမောင်ကို)-ဒေါ်ခင်အေး(အထက၊ ဇေယျာဝတီ)တို့၏ သား၊ တောင်ကြီးမြို့နယ်၊ ဟက်ကယ်ကျေးရွာနေ အရာခံဗိုလ်ကျော်ကျော်-ဒေါ်နွယ်နွယ်မြင့်တို့၏ သားသမက်၊ ဒေါ်သူသူကျော်(အမက၊စိန်တောင်-၂)၏ ခင်ပွန်း၊ မောင်ထက်ခိုင်၊ မောင်ရန်ပိုင်တို့၏ဖခင်ဗိုလ်ကြီးထွန်းဇော်လတ်သည် ၂၉-၅-၂၀၀၄ရက်တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ
ဦးစီးပဓာနနာယက
ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ
ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊အဂ္ဂမဟာပဏ္ဍိတ
## ဘဒ္ဒန္တ ဒေါက်တာ ရေဝတဓမ္မ
## သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ၏ ဦးစီးပဓာနနာယက၊ လန်ဒန်ဗုဒ္ဓဝိဟာရ၏ ဩဝါဒါစရိယ၊ Vice-Chairman of World Buddist Sangha Council၊ ဘာမင်ဂမ်မြို့ Aleader of City Faith and Patron of the Birmingham Council of Faiths ဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ ကျမ်းပြုအကျော်၊ ဘာသန္တရဆေက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဒေါက်တာ ရေဝတဓမ္မသည် နယုန်လဆန်း(၈)ရက်၊ ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ဘုရား၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို နယုန်လပြည့်ကျော်(၂)ရက် ၄-၆-၂၀၀၄ (သောကြာနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘ၀နတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တယသ
## သိက္ခာတော်(၁၂)ဝါ၊ သက်တော်(၃၂)နှစ်
(သံလှယ်ရွာ)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ် ရာမည ဝေပုလ္လတိုက်၊ မွန်ပါဠိတက္ကသိုလ်၊ သွေးဆေးကန်မွန်ကျောင်းတိုက်တွင် သီတင်းသုံးနေတော်မူသော ခမည်းတော်နိုင်သောင်းဟန်၊ မယ်တော် မိငွေမုံတို့၏ ဒုတိယမြောက်သားတော် ဘဒ္ဒန္တယသသည် ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(အထက်ပါကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။)

ဒါယကာ၊ ဒါယိကာမများ။

## ဦးမီးညောင်(ခ)ဦးစိန်
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၁၁)နေ (ဦးစိုက်ချူး-ဒေါ်ကင်းလိန်)တို့၏ သား၊ (ဒေါ်ကျင်မြ)၏ ခင်ပွန်း၊ ဦးယုရှင်-(ဒေါ်သန်းသန်းဝင်း)၊ ဦးကွက်ဖောင်း - ဒေါ်ခင်အေးကြူ၊ ဦးကွက်ရှင်-ဒေါ်ဝင်းမော်၊ ဦးကွက်ဆယ်(ခ)ဦးပေါက်စ-ဒေါ်စန်းစန်းရီ၊ ဦးကာ-ဒေါ်စန်းရွှေ၊ ဦးကွက်ခင်၊ ကိုခင်ဇော်-မသန်းသန်းအေး၊ မသန်းသန်း၊ မသန်းသန်းထွေးတို့၏မွေးသဖခင်၊ မြေး ၂၁ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁-၆-၂၀၀၄ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သင်္ချိုင်းသို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးထွန်းရွှေ(ခ)ကိုချောင်း
## အသက်(၆၇)နှစ်
(ဟိုတယ်/ခရီး၊ ငြိမ်း)

ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်၊ လယ်ဦးစုကျေးရွာနေ (ဦးကြောင်-ဒေါ်ဝါနု)တို့၏သား၊နတ်တလင်းမြို့နယ်၊ ကြခတ်ဝါးရုံကျေးရွာနေ(ဦးသန်းအောင်-ဒေါ်ဖွား)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၁၅၀၅)နေ ဒေါ်သန်းရီ၏ ခင်ပွန်း၊ မဇင်မာထွန်း (ငွေစုဘဏ်-၁)၊ မောင်တင်လှဝင်း (Uniteam Shipping Co,Ltd;)၊ မောင်တင်အောင်လွင်တို့၏ ချစ်လှစွာသောဖခင် ဦးထွန်းရွှေသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးခင်မောင်ဝင်း
## အသက်(၅၂)နှစ်
(M.I.T.S)

ရန်ကုန်မြို့နေ ဦးဝင်းမောင်-ဒေါ်တင်ကြည်တို့၏ သား၊ (ဦးစိမ်းမောင်)-ဒေါ်တင်တင်တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ အမှတ်(၂၈၄-က)၊ ခွာညိုလမ်း၊ (၁၈-က)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဒေါ်ကြည်မော်စိမ်းမောင်၏ ခင်ပွန်း၊ ကိုအောင်အောင်သူရိန်ထက်-မဇာခြည်ဝင်းမောင်၊ ကိုမြတ်ကိုလင်း-မဇာလီစိမ်းမောင်တို့၏ ဖခင် ဦးခင်မောင်ဝင်းသည် ၂၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးစင့်ကြည်(ခ)ကြူစင့်ကြည်
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၇)၊ ၇လမ်း၊ ဒုတိယထပ်နေ (ဦးကြူဟူမ-ဒေါ်ကျန်ရီယာ)တို့ ၏သား၊ တန်ရူအိမ်(ခ) ဒေါ်ဘေရာ၏ ခင်ပွန်း၊ ဦးကျင်သိန်း၊ ဒေါ်ခင်သိန်း၊ ဦးချန်ကာဗိုး-ဒေါ်ကြူလေဟွန်း၊ ဦးစိန်လွင်-ဒေါ်မြင့်မြင့်၊ဒေါ်မြင့်မြင့်လေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးမောင်ပို-ဒေါ်ရူဘီ၊ ဦးမောင်စစ် (ဒါရိုက်တာ၊ အဆောင်ကောင်းကုမ္ပဏီ)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃-၆-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ညွန့်ညွန့်ဆွေ
## အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)၊ မြနန္ဒာလမ်း၊ (၃)ရပ်ကွက်နေ ဦးကျော်ရင်-ဒေါ်သိန်းနွဲ့ (စကိုင်းဂျက်ပရိဘောဂ၊တောင်ကြီး)တို့၏သမီး၊(ဦးထွန်းအောင်ကျော်)-ဒေါ်ခင်တင့်တို့၏ သမီးချွေးမ၊ ဦးအောင်မြင့်၏ ဇနီး၊ ဦးကျော်ပိုင်-ဒေါ်ခင်သန်းတို့၏တူမ၊ ကိုခင်မောင်ညွန့်-ဒေါ်တူး၊ ဦးကျော်ရှိန်-ဒေါ်ခင်ညွန့်နွယ်၊ ကိုမောင်စန်းလွင်-မနွယ်နွယ်အေးတို့၏ ညီမ၊ မအေးအေးညွန့်၊ မမေသင်းကြူ(ရှီးမဘဏ်)၊ကိုချစ်ကိုကို၊ ကိုကျော်စွာလင်း-မစန်းစန်းစိုး(မေခ Co,Ltd;)၊ ကိုမောင်စိုး-မစန်းစန်းဝင်းတို့၏အစ်မ၊ မောင်အောင်ဖြိုးကျော်၊ မခိုင်ဇာသိမ့်တို့၏ မိခင်၊ မောင်ကျော်ဇောဟိန်း၏ ကြီးကြီးသည် ၃၀-၅-၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄(အင်္ဂါနေ့)ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၂နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## မနီနီအောင် (၃၃)နှစ်
B.Com C.P.A
Senior Accountant (Mamee)
(မော်လမြိုင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ်(၉၁)နေ ဦးကျော်ဝေ-ဒေါ်စန်းကြည်တို့၏ သမီးကြီး၊ ဦးမျိုးကျော်စန်း-မသီသီအေး၊ မောင်စိုးကျော်စန်း(Y.T.U)တို့၏ အစ်မ၊ အိန္ဒြဆုပြည့်တို့၏ကြီးတော် မနီနီအောင်သည် ၂၉-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

## ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၂၉ရက်က ရန်ကုန်-ပြည်လမ်းမကြီး အနောက်ဘက် ရွှေတောင်မြို့နယ် နွားမယံအုပ်စု ဖိုးသိန်းတန်သာသနာ့မြေရှိ ရှေးဟောင်းသမိုင်းဝင် သိမ်တော်ဟောင်း ပရိဝုဏ်အတွင်း ကြည့်ရှုကြစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

# လက်တွဲဝန်းရံ အမျိုးသားညီလာခံ

# တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များ အကြံပြုစာတမ်းများ တင်သွင်းနိုင်ရေး ဆွေးနွေးညှိနှိုင်း ပြုစုဖတ်ကြား

ရန်ကုန် မေ ၃၀

**အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုစာတမ်းများတင်သွင်းနိုင်ရေးအတွက် သတ်မှတ်နေရာများ၌ ပြည်နယ်နှင့်တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များက စာတမ်းများ ဆွေးနွေးညှိနှိုင်းပြုစုဖတ်ကြားကြသည်။**

ထို့အတူ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် သတ်မှတ်အားကစားရုံများ၌ လမ်းလျှောက်ခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂေါက်သီးရိုက်နှင့် ဘိလိယက်လေ့ကျင့်ကစားခြင်းတို့ကို မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် စုပေါင်း၍လည်းကောင်း၊ တစ်ဦးချင်းအလိုက်လည်းကောင်း လေ့ကျင့်လျက်ရှိကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနက် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို မေ၃၁ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမ အသီးသီး၌ ကျင်းပကြမည်ဖြစ်သည်။

(သတင်းစဉ်)

## တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းဆင်း

**ရန်ကုန် မေ ၃၀**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်း ရဲညွှန့်လောင်း (နမ့်စန်စခန်း) အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီတွင် ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့ နယ်မြေခံ လေတပ်စခန်း ဌာနချုပ် မြေပြင်သင်တန်းခန်းမ၌ ကျင်းပရာ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ လွိုင်လင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ် သူရမြင့်သိန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုနှင့် သင်တန်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၃၀

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှ စတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။**

ယမန်နေ့ညပိုင်းတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံ တေးသံရှင်များက အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် “ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ” တေးသီချင်းအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နာမည်ကျော် စတီရီယို တေးသံရှင်များဖြစ်ကြသည့် စိုင်းထီးဆိုင်၊ ဂရေဟမ်၊ ဝေယံမင်းအောင်၊ရတနာဦး၊လေးလေးဝါးနှင့် ပိုးအိစံတို့ကလည်း တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဂီတဖျော်ဖြေပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✧

## စာတမ်းများ ပြုစုဖတ်ကြား

**အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းအလိုက် ညီလာခံကိုယ်စားလှယ်များ စာတမ်းများ ဆွေးနွေးညှိနှိုင်း ပြုစုဖတ်ကြားကြစဉ်။** (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀-၅-၂၀၀၄

| | | |
|---|---|---|
| မော်လမြိုင်မြို့ | - | ၃ ဒသမ ၇၀ လက်မ |
| သထုံမြို့ | - | ၃ ဒသမ ၃၅ လက်မ |
| မုဒုံမြို့ | - | ၂ ဒသမ ၆၄ လက်မ |
| ဘားအံမြို့ | - | ၂ ဒသမ ၂၀ လက်မ |